Another reason lawyers have been in the crosshairs of the regime is that they have often served as the only means for prisoners to communicate with the outside world.

This is why Khin Maung Zaw, the lawyer who leads the legal team defending a number of Myanmar’s ousted civilian leaders, including President Win Myint and State Counsellor Aung San Suu Kyi, has been ordered not to speak to the media.



Lawyer Khin Maung Zaw (Myanmar Now)

Even lawyers who are not under gag orders know that they are at risk if they convey messages from their clients, as they can also be charged with “incitement through spreading false news” if they disclose information about the treatment of prisoners or any other information the regime wants to conceal.

**Verdicts ‘from above’**

Since the coup, most political cases have been tried in “special

courts” set up inside prisons. These makeshift “courtrooms” typically consist of curtained-off spaces in large halls or other prison buildings, usually about 10”x10” in area and with little more than a table and two or three chairs for furniture.

With thousands of trials to conduct against its opponents, the regime has also reduced the role of the people involved in its legal proceedings to the bare basics. Lawyers are allowed to attend hearings only to maintain the pretence of due process.

Judges play an even more perfunctory part in the junta’s sham justice system. They never intervene when prison officials or intelligence officers eavesdrop on conversations between lawyers and their clients, and they invariably pass judgments that are predetermined and “directed from above.”

Lawyers say that judges simply read out verdicts that arrive in sealed envelopes, eliminating the need to actually adjudicate in cases that rarely have any merit to begin with.

“Some judges like living under a dictatorship. They can just do as they please. They no longer feel any need to examine cases,” said one lawyer who has taken part in several post-coup trials.

The treatment of prisoners is also routinely ignored by judges. According to Mei Aye, many of her clients have appeared at hearings covered in cuts and bruises after brutal interrogation sessions, but judges simply turned a blind eye to this obvious evidence of abuse.

“I would submit a request for the judge to acknowledge and record the injuries of the defendants inflicted by the authorities, but they would never respond to those requests. Some judges even told me to stop bringing it up,” she said.

But as bad as Myanmar’s ordinary courts have become, they are still not as arbitrary or oppressive as the military tribunals that handle cases in areas that have been placed under martial law.




An anti-coup protest is seen in Yangon on February 8, 2021 (Myanmar Now)

These tribunals have been empowered to preside over cases involving alleged violations of 23 separate provisions of the Penal Code. The proceedings are heavily guarded by junta troops, but the accused lack even the most basic legal protections. All cases are handled by military lawyers and military judges, who decide on the fate of defendants who are denied any say in their own defence.

It is under such circumstances that a total of 119 dissidents have been sentenced to death over the past year, including 42 in absentia. Among them were 88 Generation leader Ko

Jimmy, former MP Phyo Zeyar Thaw, and anti-coup activists Aung Thura Zaw and Hla Myo Aung, who last month became the first prisoners to be executed in Myanmar in more than three decades.

**To boycott or not**

Given the regime's total control over the justice system, some believe that lawyers should simply refuse to have anything to do with it.

"They should boycott a system that lies to the international community and oppresses civilians," said Kyi Myint, a legal expert who is also a well-known political analyst.

Others, however, argue that not much should be expected of lawyers and others who work in the country's courts, as they have long operated in a climate of fear that has effectively stripped them of any ability to act independently.

"The person who is most responsible for addressing this situation is the one at the top. As long as he continues to submit to the rulers' will, this problem will not go away," said the retired judge who spoke to Myanmar Now about the worsening position of legal practitioners under the current regime, referring to chief justice Tun Tun Oo, who also served under the ousted civilian administration.




An anti-coup protest is seen in Yangon on February 8, 2021 (Myanmar Now)

For Mei Aye, however, fear has not been the determining factor in her career, as much as it has affected her life. What matters most, she said, is how she can best serve her clients—and through them, her country.

**The person who is most responsible for addressing this situation is the one at the top. As long as he continues to submit to the rulers' will, this problem will not go away**

With regard to the latter, she said that she supports the Civil Disobedience Movement (CDM), which she sees as a highly effective means of denying the junta legitimacy and any real hold on power. But she hasn't joined the movement herself, she said, because she feels that in her case, it would be taking the easy way out.

As a lawyer who mostly handles pro bono cases for political prisoners, she would personally not have much to lose by giving up her job, unlike many others who have joined the CDM. The real losers, she said, would be those in need of any support they can get after sacrificing their own freedom for the future of Myanmar.

"I don't take on cases because I have any faith in this country's judiciary. I do it because I need to check on my clients and keep a record of what is being done to them," she said.

https://www.myanmar-now.org/en/news/as-junta-squeezes-courts-myanmars-lawyers-are-forced-to-face-their-worst-fears

---------------------------------------------------------------------------------------------------------

## Myanmar Junta Chief Turns to Officials of Former Regime for Foreign Policy Advice

By THE IRRAWADDY | 19 August 2022

Min Aung Hlaing has reshuffled a so-called think-tank tasked with feeding him with "innovative ideas and policy suggestions" on international relations, stacking the organization with yes-men.

The Myanmar Institute for Strategic and International Studies (MISIS) has been brought back under the control of the Foreign Ministry, with junta-linked figures dominating the body.

The junta's foreign minister, U Wunna Maung Lwin, who served in the same capacity under the U Thein Sein government, and international cooperation minister, U Ko Ko Hlaing, who served as an adviser to U Thein Sein's government, serve as patrons of the think-tank tasked with assessing and researching regional and international affairs.

Other members are Dr. Nay Zin Latt, the chairman of the National Development Party, who formerly served as an adviser to U Thein Sein, and Dr. Yin Yin Nwe, who is also on Min Aung Hlaing's advisory board.

The executive secretary of the think-tank is the director-general of the Strategic Studies and Training Department, U Zaw Phyo Wai, a son-in-law of former military dictator Than Shwe.

The MISIS was established in 1992 by the then regime, which called itself the State Law and Order Restoration Council, with the foreign minister as the chairman and director generals of various government departments as members. It was then called the Myanmar Strategic and International Studies Division, tasked with studying regional and international peace- and security-related issues.

It was re-established in 2013 as an independent think-tank, and named the MISIS, but continued to be dominated by military figures. Among the members were senior officials from the National Defense College and Directorate of Military Research, former civil servants and prominent scholars.

Reconstituted as a 32-member think-tank by the current regime, it comprises individuals who have continuously spoken ill of the National League for Democracy since the U Thein Sein-led Union Solidarity and Development Party was defeated in the 2015 general election.

The purpose of the organization, according to the junta-controlled English newspaper The Global New Light of Myanmar, is to study, observe and conduct research on regional and international issues in view of developing innovative ideas and making policy suggestions,

through effective use of the Track II diplomacy and friendly and close collaboration with think-tanks in Myanmar and abroad, those which have mutual interests and concerns.

Track II diplomacy is the practice of "non-governmental, informal and unofficial contacts and activities between private citizens or groups of individuals, sometimes called 'non-state actors,'" it said.

Since the military coup last year, pro-military figures from the previous regime have gathered under the banner of Min Aung Hlaing, serving as ministers or advisers in his regime, and backing any war crime he has committed and those he is still committing.

Dr. Nay Zay Lin, a former captain from the Myanmar military who served as an adviser to U Thein Sein, may be a newcomer to Min Aung Hlaing's regime, but since the coup he has authored four books full of attacks against the NLD, Daw Aung San Suu Kyi, the parallel National Unity Government, its parliamentary branch, the Committee Representing Pyidaungsu Hluttaw, and its armed wing, the People's Defense Force. He regularly appears on pro-military talk shows hosted by junta mouthpiece Myawaddy TV.

According to the junta's gazette, the think-tank was formed on June 15, 2022. But details about it have not yet been made public. A ceremony was held at the junta-controlled Foreign Ministry in Naypyitaw on July 18 to welcome the members, but junta media did not reveal their names in their reports.

Naing Swe Oo, a former military doctor and the founder of the Thayninga Institute for Strategic Studies, is also on the think-tank. When he made public his involvement in the think-tank on his Facebook page, he covered the names of other members.

The think-tank, whose term lasts four years, comprises deputy ministers, retired ambassadors and experts in international relations as well as defense, legal and economic affairs. Min Aung Hlaing has brought many officers from U Thein Sein's government into his regime.

https://www.irrawaddy.com/news/burma/myanmar-junta-chief-turns-to-officials-of-former-regime-for-foreign-policy-advice.html

---------------------------------------------------------------------------------------------------------

## UN Special Envoy's Meeting With Myanmar Junta Chief Deeply Disappointing: NUG

By **THE IRRAWADDY** | 19 August 2022

Myanmar's civilian National Unity Government (NUG) has expressed extreme disappointment at the United Nation's (UN) Special Envoy on Myanmar's meeting with coup leader Senior General Min Aung Hlaing.

UN Special Envoy Noeleen Heyzer met with the junta chief in Naypyitaw on 17 August, despite numerous warnings that it would give an appearance of legitimacy to the military regime. She was also reminded of the failure of the visits of her counterpart from the Association of Southeast Asian Nations.

On Friday, the NUG responded to the meeting with a statement saying that the meeting's overriding outcome has been to diminish the credibility of both the Special Envoy and the UN.

"In allowing herself to be photographed shaking hands with a war criminal and his minister, the Special Envoy has predictably become an instrument for junta propaganda," the NUG said.

The civilian government said that it acknowledged that the Special Envoy clarified in a statement issued late Wednesday that the meeting did not "in any way confer legitimacy" on the junta. The NUG said also that it appreciated the Special Envoy's call for a cessation of violence, respect for human rights, allowing humanitarian access to all those in need, and an end to airstrikes and the burning of civilian houses.

However, those repeated calls must be accompanied with specific consequences," the NUG said in the statement, pointing out that a village of 600 homes in Magwe Region was burned down by the Myanmar military immediately after the Special Envoy's call to end the torching of civilian houses.

"The Special Envoy should note that the NUG is the legitimate representative of the Myanmar people, and that legitimacy cannot be conferred on a terrorist military junta," the NUG added.

While the Special Envoy has claimed that the purpose of the meeting was to discuss "pragmatic steps" with the junta, the NUG responded that "pragmatism must see the UN direct all of its efforts to supporting the people's revolution and ending the junta's violence, its weaponisation of aid, its persecution of political prisoners, and its impunity. Anything short of this is appeasement of a terrorist junta."

Ms. Heyzer began her first trip to crisis-hit Myanmar a day after the regime sentenced ousted civilian leader Daw Aung San Suu Kyi to another six years in jail on alleged corruption charges, and less than a month after the junta attracted worldwide condemnation for executing four pro-democracy activists.

She was not allowed to meet with Suu Kyi, who is being held in solitary confinement in a prison in Myanmar's capital Naypyitaw.

Nor did the Special Envoy's visit result in any breakthroughs, with the regime continuing to terrorize Myanmar's people with killings, bombings, arbitrary arrests and the burning of houses, despite her call for an end to violence.

Following her visit, anti-regime activists in Yangon criticized the UN, accusing it of paying lip service to efforts to end the junta's hostilities against Myanmar's people, while taking no practical measures to stop the violence.

The NUG said that to have any chance of restoring the people's trust, the Special Envoy must publicly strengthen the UN's partnership with the NUG, the resistance movement, ethnic armed organizations and civil society, and truly listen to and respect the aspirations of the Myanmar people.

https://www.irrawaddy.com/news/burma/un-special-envoys-meeting-with-myanmar-junta-chief-deeply-disappointing-nug.html

---------------------------------------------------------------------------------------------------

## တန့်ဆည်နှင့်ကနီတွင် တိုက်ပွဲဖြစ်ပွား၊ စစ်ကောင်စီဘက်က အကျဆုံးများပြား

Published By DVB | 19 August, 2022



စစ်ကိုင်းတိုင်း၊ တန့်ဆည်မြို့နယ်နဲ့ ကနီမြို့နယ်မှာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က အကျအဆုံး များတယ်လို့ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်တွေက ပြောပါတယ်။

တန့်ဆည်မြို့နယ် ဝရငယ်မူးဘောင်အနီးမှာ စစ်ကောင်စီတပ်နဲ့ တန့်ဆည် PDF တို့ ဒီနေ့ဩဂုတ် ၁၉ ရက်နေ့ မနက် ၈ နာရီလောက် တိုက်ပွဲ ဖြစ်ပွားခဲ့တယ်လို့ တန့်ဆည် PDF ရဲဘော်တဦးက ပြောပါတယ်။

"ကျနော်တို့ မနက်ခင်းတိုက်ပွဲကတော့ မျက်နှာချင်းဆိုင်တိုက်ပွဲလို့ ပြောရမယ်ဗျ။ ကျနော်တို့ကတော့ အထူးကွန်မန်ဒိုနဲ့ ပြောက်ကျားစနစ်ကို အသုံးပြုတိုက်ခဲ့တယ်။ စခတွေဘက်က အကျအဆုံး ၁၃ ဦးကျော်တယ်လို့တော့ သတင်းပေးချက်အရ သိထားရတယ်။"

ဝရငယ်ရွာကနေ မူးဘောင်ကို တက်လာတဲ့ စစ်ကောင်စီတပ်ဖွဲ့ကို တန့်ဆည် PDF တပ်ရင်း ၆ နဲ့ တပ်ရင်း ၇ တို့က လက်နက်ငယ်တွေပစ်ခတ်ခဲ့သလို လက်နက်ကြီး ၁၂ လုံးနဲ့ ထိထိရောက်ရောက် ပစ်ခတ်ခဲ့ကြတာကြောင့် စစ်ကောင်စီဘက်က မွန်းလွဲ ၃ နာရီလောက်မှာ သေဆုံး၊ ဒဏ်ရာရသူတွေကို Faw ကားတစီးနဲ့ လာတင်ပြီး တန့်ဆည်မြို့မရဲစခန်းကို သယ်ဆောင်သွားတယ်လို့ ဆိုပါတယ်။

အလားတူ စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ အထက်ကင်းနဲ့ မိချောင်းတွင်းကြားမှာ စစ်ကောင်စီတပ်နဲ့ ကနီဒေသခံပြည်သူကာကွယ်ရေးတပ်တို့ ဒီနေ့ ညနေ ၄ နာရီက တိုက်ပွဲဖြစ်ပွားခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ပြီးခဲ့တဲ့ ဩဂုတ် ၁၇ ရက်နေ့ကလည်း အဆိုပါစစ်တပ် ပစ်ခတ်မှုကြောင့် ကင်းရွာက အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သလို နေအိမ်နှစ်လုံးကို မီးရှို့ခဲ့ကြတယ်လို့ မိချောင်းတွင်း ဒေသခံပြည်သူတဦးက ပြောပါတယ်။

"ရွာကနေ ထွက်သွားပြီး အထက်ကင်းရွာကို ဝင်တယ်။ အဲဒီရွာကအိမ်တွေလည်း ထပ်ပြီး မီးရှို့တယ်။ ညနေပိုင်းရောက်တော့ အထက်ရွာကနေ မိချောင်းတွင်းရွာဘက်အထွက်မှာ တိုက်ပွဲဖြစ်နေကြတယ်။ လက်နက်သံတွေကတော့ အဝေးကနေ အတိုင်းသားကြားနေရတယ်။"

စစ်ကောင်စီတပ်တွေဟာ ကနီမြို့နယ်၊ မင်းကင်းမြို့၊ ရေဦးမြို့နယ် စတဲ့ သုံးပွင့်ဆိုင် ထိစပ်နေတဲ့ ကျေးရွာတွေကို စစ်အင်းအားအလုံးအရင်းနဲ့ နယ်မြေရှင်းလင်းရေးတွေ လုပ်ဆောင်နေတာကြောင့် ဒေသခံပြည်သူတွေ စစ်ဘေးရှောင်နေကြရပါတယ်။

တိုက်ပွဲဖြစ်စဉ်အတွင်း တပ်ဖွဲ့ဝင်တွေ ထိခိုက်ကျဆုံးမှုအခြေအနေကို စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာ မရှိသေးပါဘူး။

https://burmese.dvb.no/archives/549870

---

## ချောင်းဦးတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး ၁၁ ဦးခန့်သေဆုံး

Published By DVB | 19 August, 2022




စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ်မှာ ဩဂုတ် ၁၈ ရက်နေ့ တရက်တည်း စစ်ကောင်စီတပ်ကို နှစ်ကြိမ် တိုက်ခိုက်ခဲ့တာကြောင့် ၁၁ ယောက်လောက် သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ ချောင်းဦးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ဩဂုတ် ၁၉ ရက်မှာ ထုတ်ပြန်ပါတယ်။

ဩဂုတ် ၁၈ ရက် မနက်ပိုင်းက ချောင်းဦးမြို့တွင်း မုံရွာ-မန္တလေးကားလမ်းပေါ်မှာ ကားတွေကို တားပြီး ပိုက်ဆံတောင်းနေတဲ့ စစ်ကောင်စီတပ်နဲ့ ရဲတပ်ဖွဲ့ဝင် စုစုပေါင်း ၁၈ ယောက်အဖွဲ့ကို ချောင်းဦး PDF က မိုင်းခွဲတိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်ဘက်မှ ၆ ယောက် သေဆုံးပြီး ၄ ယောက် ထိခိုက်ဒဏ်ရာရခဲ့တယ်လို့ ဆိုပါတယ်။

ချောင်းဦး PDF သတင်းပြန်ကြားရေးတာဝန်ရှိသူက “ချောင်းဦးမြို့ပေါ်မှာ ချောင်းဦးမြို့ထဲ ကားလမ်းမကြီးပေါ်မှာပဲ သူတို့ စစ်နေကျနေရာရှိတယ်။ အဲဒီနားလေးမှာလည်း စကစက တပ်စွဲထားတယ်။ အားကစားကွင်းကြီးရှိတယ် အဲ့နားလေးမှာ။ နောက် ဆည်မြောင်းရုံးတို့ ဘာတို့ရှိတယ်။ အဲ့ထဲမှာလည်း စကစက တပ်စွဲထားတယ်။ စကစ တပ်စွဲထားတဲ့ နားလေးမှာပဲ သူတို့ စစ်ဆေးရေးဂိတ်လုပ်ပြီး စစ်ကြတာပေါ့။ အဲဒီဂိတ်မှာ ကျနော်တို့ မိုင်းဆွဲလိုက်တာ” လို့ ပြောပါတယ်။

အဲဒီနောက် ဩဂုတ် ၁၈ ရက် မနက်အစောပိုင်းက မုံရွာမြို့မှ ထွက်ခွာလာပြီး ခင်မွန်ကျေးရွာရှိ နမခဘက်စုံခြံကို ဝင်ရောက်နားခိုကာ အဲဒီနေ့ နေ့လယ်ပိုင်းမှာ ဘက်စုံခြံမှ တောင်ဘက် မုံရွာ-မန္တလေးကားလမ်း အနောက်ဘက် လယ်ကွင်းတွေအတိုင်း မိုင်းရှာထွက်လာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင် အယောက် ၅၀ လောက်ကို ချောင်းဦး PDF က မိုင်းခွဲတိုက်ခိုက်ခဲ့တာကြောင့် စစ်ကောင်စီတပ်ဘက်က ၅ ယောက်လောက်သေဆုံးပြီး အများအပြား ထိခိုက်ဒဏ်ရာ ရခဲ့တယ်လို့ ဆိုပါတယ်။

“ဒုတိယတခုကကျတော့ မနေ့က မနက်အစောပိုင်းမှာ မုံရွာကနေပြီးတော့ စစ်ကားအကြီး ၂ စီး ပွိုင့်ကားအသေးတစီး၊ ၃ စီး အင်အားနဲ့ဆင်းလာတယ်။ ဆင်းလာပြီးတော့ ကျနော်တို့ ခင်မွန်မှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နမခရဲ့ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ရှိတယ်။ အဲ့စခန်းမှာဝင်တယ်။ ဝင်ပြီး နားတယ်ပေါ့နော်။ အဲဒီကနေမှ မုံရွာ-မန္တလေး ကားလမ်းမကြီးဘေးမှာရှိတဲ့ လယ်ကွက်တွေပေါ့၊ အဲ့လယ်ကွက်တွေမှာ သူတို့ မိုင်းရှာတာပေါ့။ မိုင်းရှာတဲ့သူတွေကို ကျနော်တို့ မိုင်းဆွဲတာပေါ့။ အဲဒါက ခန့်မှန်းအင်အား ၅၀ လောက်ရှိမှာပေါ့။ ကျနော်တို့ဆွဲတော့ မျက်မြင်ဒေသခံ ပြောချက်အရတော့ ၅

ယောက်သေတယ်တဲ့။ ထိခိုက်တဲ့လူကတော့ များတယ်ပေါ့။ အဲဒီအုပ်ကြီးထဲမှာဆိုတော့ ဘယ်လောက်ထိခိုက်တယ် ဆိုတာကတော့ ကျနော်တို့ အတိအကျ မသိရဘူးပေါ့ ” လို့ CHUPDF သတင်းပြန်ကြားရေး တာဝန်ရှိသူက ပြောပါတယ်။

အဆိုပါ စစ်ကောင်စီတပ်ဟာ မုံရွာ-မန္တလေး ကားလမ်းမကြီးမှာ စစ်ကောင်စီယာဉ်တန်းတွေ သွားလာဖို့ရှိပါက မိုင်းရှင်းလေ့ရှိတယ်လို့ သိရပါတယ်။

“မိုင်းရှင်းတဲ့ကောင်တွေကလေ စစ်ကိုင်းဘက်ကနေ မုံရွာဘက်ကို သူတို့ လာစရာရှိတာပေါ့နော်။ သူတို့ မနေ့ကညပိုင်းမှာ ဆီဘောက်ဆာကားတွေ သွားတယ်။ ဆီဘောက်ဆာကား ၇ စီးနဲ့ Express ၁ စီးနဲ့သွားတယ်။ အဲဒါ နမခထဲ ဝင်သွားတယ်။ အဲလို သူတို့ယာဉ်တန်းတွေ အဲဒီလမ်းကိုသုံးဖို့ရှိရင် သူတို့ အမြဲတမ်း မိုင်းရှင်းလေ့ရှင်းထရှိတယ်။ အခု မနေ့ကကောင်တွေကလည်း သူတို့ယာဉ်တန်းတွေ သုံးဖို့အတွက် သူတို့လာရှင်းတာ။ လာရှင်းတဲ့အဖွဲ့ကိုပဲ မိုင်းပြန်ဆွဲလွှတ်လိုက်တာ။ ”

အဆိုပါတိုက်ခိုက်မှုတွေကို ပြည်သူ့ကာကွယ်ရေးအဖွဲ့-ချောင်းဦးမြို့နယ် (ပကဖ) ရဲ့ ဦးဆောင်မှုနဲ့ ပြုလုပ်ခဲ့တာဖြစ်ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ရဲဘော်တွေ အန္တရာယ်ကင်းစွာ ဆုတ်ခွာနိုင်ခဲ့တယ်လို့ ချောင်းဦးမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကနေ သိရပါတယ်။

https://burmese.dvb.no/archives/549842

-----------------------------------------------------------------------------------------------------------

## မင်းကင်းမြို့နယ် သင်တောကျေးရွာကို စစ်ကောင်စီတပ် မီးရှို့

By လွှမ်းမိုး | 19 August 2022



ကနီ(မဇ္ဈိမ)။ ။ စစ်ကိုင်းတိုင်း မင်းကင်းမြို့နယ်မှ အိမ်ခြေ ၅၀၀ ခန့်ရှိ သင်တောကျေးရွာကို စစ်ကောင်စီတပ်က ယမန်နေ့ ဩဂုတ်လ ၁၈ ရက် နံနက် ၈ နာရီ အချိန်ခန့်တွင် ရွာကိုမီးတင်ရှို့နေကြောင်း သိရသည်။

လက်ရှိတွင် သင်တောကျေးရွာရှိဒေသခံပြည်သူများမှာ စစ်ကောင်စီတပ်ရန်မှ ထွက်ပြေးတိမ်းရှောင်နေရ သဖြင့် မီးလောင်ပြာကျသွားသည့် အိမ်အရေအတွက်ကို အသေးစိတ်မသိရှိရသေးကြောင်း ဒေသခံပြည်သူ တစ်ဦးကပြောသည်။

“စစ်ကောင်စီရေယာဉ်အုပ်စု ချင်းတွင်းမြစ်ကြောင်းအတိုင်းအောက်ကိုစုန်လာပြီဆိုကတည်းက ကျနော်တို့ ထွက်ပြေးနေရတယ်။ မနေ့ကဆိုရင် အသက်(၇၀)လောက် အဘိုးတစ်ဦး အမောဖောက်ပြီးသေသွားတယ်။ အကုန်လုံး ထွက်ပြေးနေရတယ်။ မိုးကလည်းရွာနေတော့ ကျန်းမာရေးကအစချက်ရေးပြုတ်ရေးအထိ အခက်အခဲတွေရှိတာပေါ့” ဟု လုံခြုံရေးအရအမည်မဖော်လိုသည့် ဒေသခံပြည်သူတစ်ဦးကဆိုသည်။

ချင်းတွင်းမြစ်ကြောင်းအတိုင်းစုန်ဆင်းလာသည့် စစ်ကောင်စီရေယာဉ်အုပ်စုသည် သင်တောကျေးရွာအနီးတွင် ကျောက်ချတပ်စွဲထားကြောင်း သိရသည်။

https://www.mizzimaburmese.com/article/113701

----------------------------------------------------------------------------------------------------

## ကျောက်ထုံးကြီးတိုက်နယ်ကျေးရွာ နေအိမ်များကို စစ်ကောင်စီတပ် မီးရှို့

Published By DVB | 19 August, 2022



စစ်ကိုင်းတိုင်း ကသာမြို့နယ် ကျောက်ထုံးကြီးတိုက်နယ်ကျေးရွာမှာ ဩဂုတ် ၁၉ ရက် နေ့လယ်ပိုင်းကစတင်ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက နေအိမ် ၁၀ လုံးထက်မနည်း မီးရှို့ဖျက်ဆီးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကောင်စီတပ်ဖွဲ့ဝင်အင်အား ၈၀ လောက် ကျေးရွာအတွင်းကို မနက် ၉ နာရီလောက်က စတင်ဝင်ရောက်လာပြီး နေ့လယ်ပိုင်း ပြည်သူတွေရဲ့နေအိမ်တွေကို မီးရှို့ခဲ့တာလို့ ဒေသခံတဦးက ပြောပါတယ်။

"အင်အားကတော့ ၈၀ လောက်ရှိတယ်။ မနက် ၉ နာရီလောက်က ရောက်လာပြီး နေ့လယ် ၁၂ နာရီလောက်မှာ ဈေးတန်းနားက အိမ်တွေကိုစရှို့တော့တာပဲ။"

စစ်ကောင်စီတပ်က ကျေးရွာနေအိမ်တွေကို မီးရှို့နေတာကြောင့် ပြည်သူတွေ ဘေးလွတ်ရာ ရှောင်တိမ်းနေကြရတယ်လို့ ဒေသခံ နောက်တဦးက ပြောပါတယ်။

“ကျေးရွာက ပြည်သူတွေကတော့ ထွက်ပြေးနေကြပြီ။ နေ့လယ်ပိုင်းအထိတော့ အိမ် ၁၀ လုံးလောက် မီးလောင်နေပြီ။ ကျနော်တို့လည်း ဘေးလွတ်ရာရှောင်လာရတော့ ဘယ်နလုံး မီးထဲပါသွားပြီလည်း မသိရဘူး။"

ဩဂုတ် ၃ ရက်နေ့ကလည်း ကျောက်ထုံးကြီး တိုက်နယ်ကျေးရွာနေ ပြည်သူ ၁၀ ဦးထက်မနည်းကို စစ်ကောင်စီတပ်နဲ့ ပျူစောထီးအဖွဲ့ဝင်တွေက ဖမ်းဆီးခဲ့ပါသေးတယ်။

https://burmese.dvb.no/archives/549867

---------------------------------------------------------------------------------------------------------------

## ကန့်ဘလူမြို့နယ်တွင် ကျေးရွာ ၂ ရွာကို စစ်ကောင်စီတပ်က အကြမ်းဖက်မီးရှို့ဖျက်ဆီး

Published By DVB | 19 August, 2022



စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်မြောက်ဘက်ခြမ်းက အင်ငုတ္တိုကျေးရွာနဲ့ ပင့်သာကျေးရွာကို စစ်ကောင်စီတပ်က နှစ်ရက်ဆက်တိုက် အကြမ်းဖက် မီးရှို့ဖျက်ဆီးခဲ့တာကြောင့် ပြည်သူလူထုရဲ့ နေအိမ် စုစုပေါင်း အလုံး ၅၀ လောက် မီးလောင်ဆုံးရှုံးသွားတယ်လို့ ဒေသခံတွေထံက သိရပါတယ်။

ဩဂုတ် ၁၆ ရက်မှာ ချပ်သင်းကျေးရွာဘက်ကနေ စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်တွေက အင်ငုတ္တိုကျေးရွာကိုဝင်ရောက်ပြီး အိမ်ခြေ ၂၀ လောက်ကို မီးရှို့ဖျက်ဆီးသွားပြီး ဩဂုတ် ၁၇ ရက်နေ့မှာလည်း ပင့်သာကျေးရွာကို ဝင်ရောက်ကာ အိမ်ခြေ ၃၀ လောက်ကို မီးရှို့သွားတာဖြစ်ပါတယ်။

ဒေသခံတဦးက "အင်ငုတ္တိုရွာလိုပဲ ပင့်သာရွာမှာလည်း စစ်ကောင်စီတပ်က လက်နက်တွေနဲ့ ပစ်ခတ်ပြီးဝင်လာတာ။ အဲဒီထဲမှာ ပျူစောထီးတွေရောပါတယ်။ နွား သုံးကောင်လည်း လက်နက်ကြီးမှန်လို့

သေတယ်။ ရွာထဲတပ်စွဲထားပြီး ပင့်သာရွာသား လေးယောက်ကိုလည်း ဖမ်းဆီးပြီး တနေကုန်နေပူလှမ်း ရိုက်နှိုက်သွားတယ်။ အိမ်တွေလည်း မီးရှို့သွားတာပါ" လို့ ပြောပါတယ်။

အခုလို စစ်ကောင်စီတပ်ဖွဲ့ရဲ့ စစ်ကြောင်းထိုး နေအိမ်မီးရှို့တာတွေကြောင့် ကျေးရွာနှစ်ရွာလုံးက ပြည်သူတွေ ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေကြရပြီး အများစုက ရွာအတွင်းပြန်မဝင်ရဲသေးတာကြောင့် နီးစပ်ရာမှာ ခိုကပ်နေထိုင်ကြရတယ်လို့ ဒေသခံတွေရဲ့ပြောကြားချက်အရ သိရပါတယ်။

အဲဒီထဲက အိမ်ခြေ ၃၀၀ ကျော်ရှိတဲ့ အင်ငုတ္တိုကျေးရွာဟာ စစ်ကောင်စီတပ်ရဲ့ ဒုတိယအကြိမ်မြောက် မီးရှို့ခြင်းခံရတာဖြစ်ပြီး ပြီးခဲ့တဲ့ ဧပြီ ၂၉ ရက်ကလည်း စစ်ကောင်စီတပ်နဲ့ ပျူစောထီးပူးပေါင်းအဖွဲ့တွေရဲ့ အကြမ်းဖက်မီးရှို့မှုကြောင့် လူနေအိမ်ခြေ ၁၂၄ လုံးဆုံးရှုံးခဲ့ရကာ စပါးကျီအများပြားလည်း ဆုံးရှုံးခဲ့ရတာဖြစ်ပါတယ်။

ဩဂုတ် ၁၆ ရက်က ကန့်ဘလူမြို့နယ် ကိုးတောင်ဘို့ကျေးရွာမှာလည်း တပ်စွဲထားတဲ့ စစ်ကောင်စီတပ်ဖွဲ့ကို ဒေသကာကွယ်ရေးတပ်ဖွဲ့တွေက တိုက်ခိုက်ခဲ့တာကြောင့် ၄ နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

https://burmese.dvb.no/archives/549713

-----------------------------------------------------------------------------------------------

## ကနီမြို့နယ်၌ စစ်တပ်သတ်ဖြတ်ခဲ့သည့် အမျိုးသမီးအလောင်း တွေ့ရှိ၊ ယင်းမာပင်က နေအိမ်များ မီးရှို့ဖျက်ဆီးခံရ

Published By DVB | 19 August, 2022



စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်၊ ကင်းရွာမှာ စစ်တပ် သတ်ဖြတ်ခဲ့တဲ့ အမျိုးသမီးတယောက်ရဲ့ အလောင်းကို ဒီနေ့တွေ့ရှိတယ်လို့ ကင်းဒေသခံတွေက ပြောပါတယ်။

ကင်းရွာကို စစ်ကောင်စီတပ်က ပြီးခဲ့တဲ့ ဩဂုတ် ၁၇ ရက်က လေယာဉ် ၄ စီးနဲ့ စစ်သားတွေချထားပြီး ရွာကိုစီးနင်းတပ်စွဲကာ ပြည်သူတွေကို ဖမ်းဆီးပြီး အခုလို ဒေသခံအမျိုးသမီးကို သတ်ဖြတ်ခဲ့တာလို့ ဆိုပါတယ်။

ဒေသခံရွာသူတယောက်က “သေဆုံးသူအမည်က မစိုးစိုးပါရှင့်။ အသက်က ၃၀ ဝန်းကျင်ပါ။ စစ်ကောင်စီက ဘာကြောင့်သတ်တာလဲတော့ မသိဘူး။ အခု သူတို့သတ်ခဲ့တာက ထူးခြားတယ်ရှင့်။ သေနတ်နဲ့ပစ်သတ်တာလည်း မဟုတ်ဘူး။ အသက်ရှူလမ်းကြောင်းကို ပိတ်ပြီး သတ်ခဲ့တာ ဖြစ်နိုင်တယ်” လို့ ပြောပါတယ်။

စစ်ကောင်စီတပ်ဟာ အခုလို အမျိုးသမီးကို သတ်ဖြတ်ခဲ့ပြီး ကင်း(ကင်းရွာမ)ရွာက နေအိမ်နှစ်လုံးကို မီးရှို့ခဲ့ကာ အထက်ကင်းရွာဘက် ထွက်သွားပြီလို့ ဒေသခံရွာသားတွေက ပြောပါတယ်။

အခုလို ဒေသခံရွာသူတယောက်ကို သတ်ခဲ့တဲ့အပေါ် ဒေသခံ ပြည်သူ့ကာကွယ်ရေး မြွေပိုင်တောင်ခေါင်းဆောင် ကိုရက္ခစိုးက “ဒါဟာ လူမဆန်တဲ့လုပ်ရပ်ပါ။ သူတို့သတ္တိရှိရင် ကျနော်တို့နဲ့ ထိပ်တိုက်ရှင်းလို့ရတယ်။ အခုဟာက သူတို့လာရင် အောက်တန်းစား လုပ်ရပ်တွေနဲ့ အပြစ်မဲ့တဲ့ ရွာသားတွေကို ဖမ်းတယ်၊ သတ်တယ်၊ ရွာကို မီးရှို့ပြတယ်။ ဒါ မြန်မာပြည်ကို ကာကွယ်မယ့် စစ်တပ်လား၊ ပြည်သူကို ကာကွယ်မယ်ဆိုတဲ့ စစ်တပ်လားလို့

ကျနော် မေးခွန်းထုတ်ချင်ပါတယ်ဗျ။ တူမီးနဲ့တိုက်နေတဲ့ ကာကွယ်ရေးတပ်တောင် နိုင်အောင်မတိုက်နိုင်တဲ့ ကောင်တွေ တခြားနိုင်ငံအချင်းချင်းတိုက်တဲ့ ကမ္ဘာစစ်ပွဲသာ ဖြစ်ကြည့်ပါလား။ မအေလတွေ ပြည်သူကို ကာကွယ်ဖို့မပြောနဲ့ သူတို့အမေတွေပါ ပေးလိုက်ရမှာဗျ။ အခုလည်း ကျနော်တို့ဒေသက အပြစ်မဲ့အမျိုးသမီးကို အကြောင်းမဲ့ သတ်သွားတာဟာ လုံးဝမကျေနပ်ဘူးဗျ။ တော်လှန်ရေးကို အောင်တဲ့အထိ တိုက်ပွဲဝင်သွားမယ် ” လို့ ပြောပါတယ်။



ကင်းရွာဟာ ကနီမြို့ရဲ့မြောက်ပိုင်း မင်းကင်းမြို့နယ်နဲ့ အစပ်မှာ တည်ရှိပြီး ချင်းတွင်းမြစ်ကမ်းဘေး ဖြစ်တာကြောင့် စစ်ကောင်စီတပ်ရဲ့ ရေလမ်းကနေလာတိုင်း ပစ်ခတ်ခံနေရတဲ့ ကျေးရွာတရွာလည်းဖြစ်ကာ အခုလို စစ်ကောင်စီက ချင်းတွင်းမြစ်အတွင်းကနေ အကြိမ်ကြိမ်ပစ်ခတ်လို့ စေတီအပါအဝင် သာသနာအဆောက်အဦအပြင် ပြည်သူတွေရဲ့ နေအိမ်တွေပါ ပျက်စီးနေပြီလို့ ဒေသခံတွေက ပြောပါတယ်။

အိမ်ခြေ ၄၀၀ ကျော်ရှိတဲ့ ကင်းကျေးရွာကို ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းကလည်း စစ်တပ်က မီးရှို့ခဲ့တာကြောင့် အိမ်ခြေအများအပြား ဆုံးရှုံးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ယင်းမာပင်မြို့နယ် ကပိုင်ကျေးရွာနဲ့ က/သီးကုန်းကျေးရွာတွေက နေအိမ်တွေကို ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီကျော်လောက်မှာ စစ်တပ်က မီးရှို့ဖျက်ဆီးခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

အခုလို မီးရှို့ခံရတဲ့အိမ်တွေဟာ ကပိုင်ကျေးရွာနဲ့ က/သီးကုန်းကျေးရွာကြားလောက်မှာရှိပြီး ယင်းမာပင်နဲ့ ပုလဲမြို့နယ်တွေမှာ စစ်ဆင်ရေးဝင်နေတဲ့ စစ်တပ်က လုပ်တာလို့ ဆိုပါတယ်။

ကပိုင်ကျေးရွာနဲ့ က/သီးကုန်းကျေးရွာတို့ဟာ ရွာချင်းဆက်ဖြစ်ပြီး စစ်တပ်က နေရာ ၄ ခုခွဲကာ မီးရှို့ခဲ့တာကြောင့် ကပိုင်ကျေးရွာဘက်ခြမ်းမှာ နေအိမ် ၆ လုံး မီးလောင်ခဲ့ကာ ဘယ်ကျေးရွာက ဘယ်လောက်ဆုံးရှုံးမှုရှိတယ် စတဲ့ အသေးစိတ်အချက်အလက်ကိုတော့ မသိရသေးဘူးလို့ ဒေသခံတယောက်က ပြောပါတယ်။

ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီခွဲလောက်က စစ်တပ်က ကပိုင်ကျေးရွာကို လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်ဝင်ရောက်လာတာဖြစ်သလို မဝင်ရောက်ခင်ကလည်း ပေါင်းဝ ကျေးရွာနဲ့ ကပိုင်ကျေးရွာကြား တနေရာမှာ PDF ပူးပေါင်းအဖွဲ့နဲ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး နှစ်ဖက် ထိခိုက်မှု အခြေအနေကိုတော့ မသိရသေးဘူးလို့လည်း ဆိုပါတယ်။

လက်ရှိအချိန်မှာ စစ်ကောင်စီတပ်ဖွဲ့တွေက ကပိုင်ကျေးရွာအတွင်းကို တပ်စွဲနေတာကြောင့် ကပိုင်ကျေးရွာ အပါအဝင် အနီးနားမှာရှိတဲ့ ကျေးရွာနေပြည်သူတွေလည်း အိုးအိမ်စွန့်ခွာ ထွက်ပြေးနေကြရပါတယ်။

https://burmese.dvb.no/archives/549813

-----------------------------------------------------------------------------------------------------

## ယင်းမာပင်တွင် စစ်ကောင်စီတပ် မီးရှို့မှုကြောင့် အိမ်ခြေ ၁၀၀၀ ခန့် ဆုံးရှုံး

Published By DVB | 19 August, 2022

ယင်းမာပင်မြို့နယ် ကပိုင်နဲ့ က/သီးကုန်းရွာတို့ကို စစ်ကောင်စီတပ်တွေက မနေ့ကနေ အခုအချိန်ထိ မီးရှို့နေတာကြောင့် အိမ်ခြေ ၁၀၀၀ လောက် ဆုံးရှုံးသွားပြီလို့ ဒေသခံတွေက ပြောပါတယ်။

စစ်ကောင်စီ တပ်သား ၂၀၀ လောက်ဟာ မနေ့ညနေ ၃ နာရီလောက်မှာ ရောက်ရှိလာလို့ ရွာသားတွေအားလုံး ထွက်ပြေးခဲ့ကြရတာပါ။

"မနေ့က မိုးလေးကရွာတော့ သိပ်မလောင်ခဲ့ဘူး။ ဒီနေ့ လင်းကတည်းက စရှို့တာ။ ပြီးတော့ နေ့လယ်က ခဏနားတယ်။ ခု လောလောလတ်လတ်ကို ရှို့နေတာ" လို့ ကပိုင်ရွာ ဒေသခံတယောက်က ညနေ ၄ နာရီ အချိန်မှာ ဒီဗွီဘီကို ပြောပါတယ်။

ကပိုင်နဲ့ က/သီးကုန်းရွာတို့ဟာ နီးကပ်ဆက်စပ်နေတဲ့ ရွာတွေဖြစ်ပြီး အိမ်ခြေ ၁၇၀၀ လောက်ရှိတာမှာ အခုတော့ အိမ်ခြေ ၁၀၀၀ ကျော်လောက် မီးလောင်ပျက်စီးသွားပြီလို့လည်း သူက ခန့်မှန်းပါတယ်။

"မနေ့က သူတို့ရောက်လာပြီး လက်နက်ကြီးတွေနဲ့ပစ်တော့ လေးနေရာလောက် လောင်တယ်။ အိမ်နစ်အိမ်ကိုလည်း မီးရှို့တယ်။ ဒီနေ့ ရှို့တာမှာတော့ တွေ့ရသလောက် ၆၀ ရာခိုင်နှုန်းလောက် ကုန်ပြီ။ ဝင်လို့လည်းမရ၊ ငြိမ်းလို့လည်း မရဘူး။ ထိုင်ကြည့်နေရတယ်။"

ရွာသားတွေဟာ အနီးအနား တောတောင်တွေထဲက သူတို့ရဲ့ လယ်တဲတွေမှာ တိမ်းရှောင်နေထိုင်ကြတာပါ။

ရွာက ဘုန်းကြီးပါမကျန် တိမ်းရှောင်နေတာဖြစ်ပြီး မပြေးလွှားနိုင်တဲ့ သက်ကြီးရွယ်အိုတချို့ပဲ ကျန်ခဲ့တယ်လို့ ဒေသခံတွေက ပြောပါတယ်။

အဲ့ဒီကိုရောက်လာတဲ့ အကြမ်းဖက်စစ်သားတွေဟာ ပြီးခဲ့တဲ့ ရက်ပိုင်းက ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ရွာကို လေကြောင်းကရော မြေပြင်မှာပါ ဒေသခံ အများအပြားကို သတ်ဖြတ်ပြီး ရွာလုံးကျွတ်နီးပါး မီးရှို့ခဲ့သူတွေ ဖြစ်တယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

https://burmese.dvb.no/archives/549849

---------------------------------------------------------------------------------------------------------

## လက်ပံတောင်းကြေးနီစီမံကိန်းအနီး စစ်တပ်ထောင်ထားသည့် နင်းမိုင်း ၈၀ ခန့် သိမ်းဆည်းရမိ

Published By DVB | 19 August, 2022



စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှာရှိတဲ့ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနားမှာ စစ်တပ်က ထောင်ထားတဲ့ နင်းမိုင်းအများအပြား ဩဂုတ် ၁၈ ရက်မှာ မြောက်ယမား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ရဲ့တပ်ခွဲ Myanmar ချီဌေဗားရားတပ်ဖွဲ့က ဖော်ထုတ်သိမ်းဆည်း ရမိခဲ့ပါတယ်။



ဖော်ထုတ်သိမ်းဆည်းရမိခဲ့တဲ့ နင်းမိုင်းအလုံးရေ ၇၈ လုံးအထိရှိပြီး ကျန်ရှိနေတဲ့ နင်းမိုင်းတွေကို ဆက်လက်ဖော်ထုတ်ဖို့ ကြိုးစားနေတယ်လို့ Myanmar ချီဌေဗားရားတပ်ဖွဲ့ဝင်တဦးက ပြောပါတယ်။

“စစ်တပ်က နင်းမိုင်းတွေကို ကြေးနီစီမံကိန်း ပတ်ချာလည်မှာ ထောင်ထားတယ်။ ပြီးရင် ဒေသခံတွေရဲ့ တောင်ယာလယ်ကွင်းတွေထဲမှာလည်း ထောင်တယ်။ အခုသိမ်းဆည်းရမိခဲ့တဲ့ နင်းမိုင်းတွေက စီမံကိန်းထဲကို သွယ်တန်းထားတဲ့ မီးတိုင်တွေရဲ့အောက်ကနေ ရခဲ့တယ်။ မြေကြီးထဲမှာ မြှုပ်နှံထားတယ်။

အန္တရာယ်မဖြစ်အောင် ကြိုးကြိုးစားစားနဲ့ မိုင်းတွေ ဖော်ထုတ်ခဲ့ရတာ။ ”

နင်းမိုင်းတွေ ဖော်ထုတ်သိမ်းဆည်းရရှိခဲ့မှုမှာ Myanmar ချီဝွေဗားရားတပ်ဖွဲ့ဝင်တွေ ထိခိုက် ဒဏ်ရာရရှိတာ မရှိခဲ့ဘူးလို့ ဆိုပါတယ်။

ဖော်ထုတ်သိမ်းဆည်းရရှိခဲ့တဲ့ နင်းမိုင်းတွေနဲ့ ပတ်သက်ပြီး စစ်ကောင်စီတပ်ဖွဲ့ဝင်တွေကို ပြန်လည် တိုက်ခိုက်ရာမှ အသုံးပြုသွားမယ်လို့ မြောက်ယမားပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ရဲ့ တာဝန်ရှိသူ တဦးက ပြောပါတယ်။

https://burmese.dvb.no/archives/549762

---------------------------------------------------------------------------------------------

## ဂန့်ဂေါတိုက်ပွဲတွင် စစ်ကောင်စီဘက်က ၆ ဦးသေဆုံးပြီး ရဲ ၁ ဦး ဖမ်းဆီးခံရ

Published By DVB | 19 August, 2022



မကွေးတိုင်း ဂန့်ဂေါမြို့နယ်မှာ ဩဂုတ် ၁၈ ရက် နေ့လယ်ပိုင်းက စစ်ကောင်စီစစ်ကြောင်းနဲ့ ဒေသကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တွေ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီဘက်က ၆ ယောက် သေဆုံးကာ ရဲတစ်ယောက်  ဖမ်းဆီးရမိခဲ့တယ်လို့ PDF-ဂန့်ဂေါ တောင်ပိုင်းတပ်ဖွဲ့ကနေ သိရပါတယ်။

ဂန့်ဂေါမြို့နယ်တောင်ပိုင်းကို စစ်ကြောင်းထိုးလာတဲ့ စစ်တပ်နဲ့ရဲအင်အား ၇၀ လောက်ပါတဲ့ စစ်ကြောင်းကို ဩဂုတ် ၁၈ ရက်နေ့ မွန်းတည့် ၁၂ နာရီလောက်ကနေ မွန်းလွဲ ၂ နာရီလောက်အထိ ဒေသကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တွေက အိမ်သစ်ကျေးရွာနားမှာ တိုက်ခိုက်ခဲ့လို့ စစ်ကောင်စီဘက်က ၆ ယောက် သေဆုံးခဲ့တယ်လို့ PDF-ဂန့်ဂေါ တောင်ပိုင်းတပ်ဖွဲ့ ရဲ့ ပြန်ကြားရေးတာဝန်ခံ ကိုတိုးကြီးက ဒီဗွီဘီကိုပြောပါတယ်။

“ကျနော်တို့ တပ်ဖွဲ့က ရဲဘော်တွေက လက်နက်ကောက်ယူဖို့ သွားပေမယ့် နောက်ကတက်လာတဲ့ စစ်(...)တွေက စက်သေနတ်တွေနဲ့ အဆက်မပြတ်ပစ်ခတ်လို့ နောက်ပြန်ဆုတ်ခဲ့ရပြီး ညီနောင်မဟာမိတ်ပူးပေါင်းတပ်ဖွဲ့တွေက လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်တိုက်ခိုက်လို့ စစ်(...)အနည်းဆုံး ၁၀ ယောက်လောက် ဒဏ်ရာရရှိခဲ့တယ်။”

စစ်ကောင်စီဘက်က ရဲတပ်သားတယောက် ထွက်ပြေးလာလို့ ကျည်ဆံအတောင့် ၅၀ နဲ့အတူ အရှင်ဖမ်းဆီးရမိကာ ကောင်းမွန်စွာ ထိန်းသိမ်းထားပြီး စစ်ဆေးမေမြန်းတာတွေ ပြုလုပ်နေတယ်လို့ ဆိုပါတယ်။

“တိုက်ပွဲအတွင်းမှာ စစ်ကောင်စီတပ်က လက်နက်ကြီးတွေနဲ့ ရမ်းသန်းပစ်ခတ်လို့ နွားကျောင်းသား တယောက် လက်နက်ကြီး ထိမှန်သေဆုံးကာ ခေါက်ခူရွာက သားအဖ ၂ ယောက်ကိုလည်း ဓားစာခံအဖြစ် ဖမ်းဆီးသွားကြတယ်။ ကျနော်တို့ ပူးပေါင်းတပ်ဖွဲ့ ဘက်က ရဲဘော်တယောက် လက်နက်ကြီးစ ထိမှန်ဒဏ်ရာရရှိခဲ့ပေမယ့် ဒဏ်ရာအခြေအနေ မစိုးရိမ်ရဘူး ” လို့ ကိုတိုးကြီးက ပြောပါတယ်။

အဲဒီတိုက်ပွဲကို PDF-ဂန့်ဂေါ တောင်ပိုင်းတပ်ဖွဲ့၊ YPDF၊ YDF၊ CDF-KKG နဲ့ ဂန့်ဂေါ ပ.က.ဖ နဂါးညီနောင်အဖွဲ့ တို့ ပူးပေါင်းတိုက်ခိုက်ခဲ့ကြတာလို့ ဆိုပါတယ်။

ဂန့်ဂေါမြို့နယ် မင်းရွာရဲစခန်းကိုလည်း ဩဂုတ် ၁၆ ရက်နဲ့ ၁၇ ရက်နေ့တွေမှာ ဒေသကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တွေက အနီးကပ်တိုက်ခိုက်ခဲ့လို့ ရဲအများအပြား ထိခိုက်သေဆုံးနိုင်တယ်လို့ သိရပါတယ်။

တိုက်ပွဲနဲ့ပတ်သက်ပြီး စစ်ကောင်စီဘက်က ထိခိုက်သေဆုံးတဲ့ အခြေအနေကို ဒီဗွီဘီက သီးခြားအတည်မပြုနိုင်သေးသလို စစ်ကောင်စီဘက်ကလည်း သတင်းထုတ်ပြန်ထားတာ မတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/549859

-------------------------------------------------------------------------------------------

## ကယား (ကရင်နီ) ပြည်နယ်မှာ စစ်ကောင်စီတပ် အင်အားရာနဲ့ချီပြီး ဖြည့်တင်းနေ

2022.08.19



ကယားပြည်နယ် လွိုင်ကော်မြို့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့က တွေ့ရစဉ် Photo: RFA

ကယား (ကရင်နီ) ပြည်နယ်မှာ စစ်ကောင်စီဘက်က အခု ရက်အနည်းငယ်အတွင်း စစ် အင်အား ၄၀၀ ကျော်လောက်အထိ ဖြည့်တင်းပြီး ထိုးစစ်အတွက် အသင့်အနေအထား ပြင်ဆင်လာတယ်လို့ ကရင်နီပြည်နယ်ထဲက ကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ အရပ်ဘက်အဖွဲ့ အစည်း တာဝန်ရှိသူတွေက  RFA ကို ပြောပါတယ်။

ဩဂုတ်လဆန်းပိုင်းကစလို့ ကရင်နီနဲ့ ရှမ်းပြည်နယ်အစပ် မိုးဗြဲနဲ့ ဖယ်ခုံဘက်ကနေ ကရင်နီ ပြည်နယ် အတွင်းပိုင်းမှာရှိတဲ့ ဒီးမော့ဆိုမြို့ နယ်ထဲကို စစ်အင်အား ၂၀၀ ကျော်နဲ့ နှစ်ကြိမ် ဝင်ရောက်လာပြီး၊ ရှားတောမြို့နယ်ထဲကိုလည်း ဩဂုတ်လ ၁၈ ရက် မနေ့က တင့်ကားတွေ ပါဝင်တဲ့ စစ်ယာဉ်တန်းတွေနဲ့ အင်အား ထပ်မံဖြည့်တင်းလာတယ်လို့ ဒီးမော့ဆိုမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (    DMO local PDF) ပြန်ကြားရေးတာဝန်ခံ ကိုကယန်း က ပြောပါတယ်။

အရင်က မြို့ပြတိုက်ပွဲတွေ ပြင်းထန်ပြီး တစ်မြို့လုံးနီးပါး ထွက်ပြေးခဲ့ရတဲ့ ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်အနီးမှာဆိုရင် အခုလက်ရှိမှာ စစ်အင်အား ၂၀၀ လောက် အထိချထားပြီး၊ မြို့အနောက်ဘက်ခြမ်းမှာရှိတဲ့ စစ်ကောင်စီတပ် မူလစခန်းတွေမှာလည်း အင်အားရာနဲ့ချီပြီး ထပ်မံဖြည့်တင်းနေတာလို့ ဆိုပါတယ်။

လက်နက်ကိုင်ခုခံမှု ပြင်းထန်တဲ့ ဖရူဆိုမြို့နယ်ထဲမှာလည်း စစ်ကောင်စီက အထိုင်တပ်တွေ အပြင် တင့်ကားနဲ့ ဒရုန်းတွေကိုပါ အင်အားထပ်ဖြည့်ထားတယ်လို့ (   DMO local PDF) ပြန်ကြားရေးတာဝန်ခံ ကိုကယန်း က  RFA ကို ပြောပါတယ်။

**“စစ်ရေးအရ ကြည့်မယ်ဆိုရင် နေရာအတော်များများမှာ အရင်ထက်ပိုပြီး စစ်ရေးလှုပ် ရှားမှု ပိုများလာတဲ့ သဘောပေါ့နော်။ ဖရူဆိုမြို့နယ်အတွင်းမှာဆို အထိုင်တပ်တွေမှာ တင့်ကားသုံးလေးစီးလောက် စတန်းဘိုင်ထား ထားတယ်၊ ဒရုန်းတွေလည်း ထား ထားတယ်လို့ ကျနော်တို့ သတင်းရထားတယ်  ”**

ဖရူဆိုမြို့နယ်မှာ စစ်ကောင်စီတပ် ခမရ ၅၃၁ နဲ့ အမှတ် ၁၂ တန်းမြင့် လေ့ကျင့်ရေးကျောင်း က စစ်ကောင်စီတပ်ဖွဲ့ ပူးပေါင်းအင်အားနဲ့ ထိုးစစ်ဆင်နေပြီး ယခင်ကတည်းက ကယား ပြည်နယ်ထဲမှာ

လှုပ်ရှားနေတဲ့ တပ်မ ၆၆ လက်အောက်ခံ တပ်ရင်းတွေကလည်း မြေပြင်မှာ စစ်ရေးပိုပြင်လာတာ တွေ့ရတယ်လို့ ဒေသအခြေစိုက် ကရင်နီကာကွယ်ရေးတပ်ဖွဲ့ တာဝန် ရှိသူတွေက ပြောပါတယ်။

စစ်ကောင်စီတပ်ဟာ ကရင်နီပြည်နယ်မှာ အကျအဆုံးများပြီး လူထုထောက်ခံမှုလည်း မရှိတဲ့အတွက် ဖရိုဖရဲဖြစ်နေတဲ့ သူတို့တပ်တွေကို ပြန်ထိန်းနိုင်ဖို့နဲ့ နယ်မြေစိုးမိုးမှု ရဖို့ လုပ်နေတာလို့ တိုးတက်သော ကရင်နီပြည်သူ့အင်အားစု ( PKPF) တာဝန်ရှိသူက RFA ကို ပြောပါတယ်။

ကရင်နီလူ့အခွင့်အရေးအဖွဲ့ ( KnHRG) ညွှန်ကြားရေးမှူး ကိုဗညား ကတော့ စစ်ကောင်စီက လာမယ့် ၂၀၂၃ မှာ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ရွေးကောက်ပွဲလုပ်ဖို့ ပြင်နေတာကြောင့် လက်နက်ကိုင်ခုခံမှု ပြင်းထန်တဲ့ ကရင်နီပြည်နယ်ရဲ့ အဓိကကျတဲ့ မြို့နယ်တွေကို ထိန်း ချုပ်နိုင်ဖို့ ကြိုးစားနေတာလို့ မှတ်ချက်ပေးပါတယ်။

**“အခါတိုင်းနှစ်တွေဆိုရင် မိုးတွင်းမှာ သူတို့ အင်အားဖြည့်တာမလုပ်ဘဲ ထိုးစစ်ရပ်တာ များတယ်။ အခု သူတို့ အင်အားဖြည့်ပြီး နယ်မြေချဲ့ချင်တဲ့ အခြေအနေကို အကြမ်းဖျင်း ခန့်မှန်းကြည့်ရင် လာမယ့် ၂၀၂၃ ရွေးကောက်ပွဲနဲ့ ဆက်စပ်နိုင်မလားပေါ့။ မြေပြင် အသာစီးရနေပြီ၊ ငါတို့ ရွေးကောက်ပွဲလုပ်နိုင်တယ်၊ အနိုင်ရတဲ့ပါတီကို အာဏာလွှဲမယ် ဆိုတဲ့ နိုင်ငံရေးအရ တရားဝင်မှုကို ရဖို့ပေါ့။ ကယားပြည်နယ်မှာဆိုရင် မြို့တော် လွိုင်ကော်နဲ့ ဒီးမော့ဆိုလို အရေးပါတဲ့ နေရာတွေကို ထိန်းထားနိုင်ဖို့ အခုလို လုပ်နေ တာလို့ မြင်တယ်”**

ဒီးမော့ဆိုမြို့ရဲ့ အရှေ့ဘက်နဲ့ အနောက်ဘက်ခြမ်း မြင်ပြင်တောတွေမှာ မြို့ပေါ်ကနေ ထွက်ပြေးခိုလှုံလာတဲ့ ဒုက္ခသည် ထောင်နဲ့ချီ ရှိနေပြီး တိုက်ပွဲတွေဖြစ်လာရင် ဒုက္ခသည်တွေ သေဆုံးထိခိုက် ဖြစ်နိုင်တဲ့အပြင် စားနပ်ရိက္ခာနဲ့ ဆေးဝါး ပြတ်လပ်မှာကို စိုးရိမ်မိတယ်လို့ လည်း ကိုဗညားက ပြောပါတယ်။

လက်ရှိ ကယားပြည်နယ်အတွင်းက စစ်ရေးအခြေအနေနဲ့ပတ်သက်ပြီး ကယားပြည်နယ်ရဲ့ စစ်ကောင်စီအဖွဲ့ ပြောခွင့်ရ ဦးအောင်ဝင်းဦး ကို RFA က ဆက်သွယ်မေးမြန်းရာမှာ အလုပ် မအားသေးတဲ့အတွက် မဖြေကြားနိုင်သေးဘူးလို့ ငြင်းဆိုပါတယ်။

ကရင်နီပြည်နယ်တစ်ခုလုံးမှာ စစ်တပ်အာဏာသိမ်းပြီး ဖေဖော်ဝါရီ ၁ ရက်ကနေ ၂၀၂၂ ဩဂုတ်လ ၁၅ ရက်နေ့ အထိ တိုက်ပွဲပေါင်း အကြိမ် ၄၂၀ ဖြစ်ခဲ့ပြီး ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဝင် ၁၄၉ ဦး၊ စစ်ကောင်စီတပ်ဘက်က ၁၃၀၆ ဦး သေဆုံးခဲ့ကြောင်း တိုးတက်သော ကရင်နီပြည်သူ့အင်အားစု ( PKPF) က ဩဂုတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ပါတယ်။

ကရင်နီပြည်နယ် အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ စာရင်းတွေအရ တိုက်ပွဲတွေကြောင့် ၂၀၂၂ ဩဂုတ်လ ၁ ရက်နေ့အထိ အာဏာသိမ်း တစ်နှစ်ကျော်အတွင်း ကယားပြည်နယ်တစ်ခုလုံး မှာ ဒေသခံ အရပ်သား ၃၀၀ နီးပါး သေဆုံးခဲ့ပြီး နှစ်သိန်းနီးပါး ဘေးလွတ်ရာကို ထွက်ပြေး တိမ်းရှောင်နေရပါတယ်။

https://www.rfa.org/burmese/news/military-council-in-kayah-state-08192022052025.html

---------------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်နှင့် ကော်ဘရာစစ်ကြောင်း တိုက်ပွဲဖြစ်၊ စစ်ကောင်စီဘက်က ၆ ဦးသေ၊ စစ်သုံ့ပန်း ၂ ဦးအရှင်ဖမ်းမိ

Published By DVB | 19 August, 2022

ကရင်ပြည်နယ်၊ မြဝတီ-ဝေါလေ ကားလမ်းမပေါ်က ဘုရားကုန်းမှာ ဇူလိုင် ၁၉ ရက်က စစ်ကောင်စီတပ်တွေနဲ့ ကော်ဘရာစစ်ကြောင်းတို့ တိုက်ပွဲဖြစ်ရာမှာ စစ်ကောင်စီဘက်က ၆ ယောက်သေဆုံးပြီး ၂၁ ဦး အပြင်းအထန်

ဒဏ်ရာရရှိသွားတဲ့အပြင် စစ်သုံ့ပန်း ၂ ယောက်ကို အရှင်ဖမ်းမိခဲ့တယ်လို့ ကော်ဘရာစစ်ကြောင်းက ထုတ်ပြန်ပါတယ်။



တိုက်ပွဲမှာ အကြမ်းဖက် စစ်ကောင်စီဘက်က MA (1) သေနတ် ၁ လက်၊ MA (2) သေနတ် ၁ လက်၊ ကျည်ကာ စစ်ခမောက် ၂ လုံး၊ RPG ဗုံးသီး ၂ လုံး၊ RPG ပို့ယမ်း ၂ တောင့်၊ ကျည်ကာ ၂ ခု၊ ၅ ဒသမ ၅၆ ကျည် ၁၀၀၀ တောင့်၊ ကျည်ဘောက် ၇ ခု၊ ၄၀ မမ ဗုံးသီး ၆ လုံး၊ ၆၀ မမ ဗုံးသီး ၄ လုံးတို့ကိုလည်း သိမ်းဆည်းရမိခဲ့တယ်လို့ ဆိုပါတယ်။

အရှင်ဖမ်းဆီးရမိတဲ့ စစ်ကောင်စီ တပ်သား ၂ ယောက်ကတော့ ဒုတပ်ကြပ် ထင်ကျော်၊ ကိုယ်ပိုင်အမှတ် (တ-၃၇၄**၀) နဲ့ တပ်သားမင်းသူ၊ ကိုယ်ပိုင်အမှတ် (တတ-၁၂၅**၅) တို့ဖြစ်ကြပြီး ကော်ဘရာစစ်ကြောင်းက ဂျီနီဗာကွန်ဗားရှင်းနဲ့ ပြည်သူ့ကာကွယ်ရေးတပ်မတော်က ချမှတ်ထားတဲ့ စစ်သုံ့ပန်း စည်းမျဉ်း ဥပဒေတွေနဲ့အညီ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားတယ်လို့ ဆိုပါတယ်။



မြဝတီ-ဝေါလေမြိုင်လမ်းမကြီးအတိုင်း စစ်ကြောင်းချီလာတဲ့ စစ်ကောင်စီတပ်တွေ သရက်ပင်စခန်းအနီး KNLA ပူးပေါင်းတပ်ဖွဲ့တွေ စောင့်နေတဲ့ နေရာကို ရောက်ရှိလာပြီး နှစ်ဘက်တိုက်ပွဲဖြစ်ကာ ၁ နာရီအကြာမှာ စစ်ကောင်စီတပ်ဖွဲ့ နှစ်ယောက်ကို စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးနိုင်ခဲ့တာလို့ ကော်ဘရာတပ်ဖွဲ့ဝင် တယောက်က ပြောပါတယ်။

မနက်ပိုင်း ၃ နာရီခွဲကျော်လောက်မှာ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ၈ နာရီလောက်မှာတော့ အကြမ်းဖက် စစ်ကောင်စီဘက်က တိုက်ခိုက်ရေး တပ်ရင်းတွေ၊ လက်ရုံးတပ်ဖွဲ့တွေ အင်အားတိုးချဲ့ကာ ထပ်မံစုဖွဲ့ပြင်ဆင်ပြီး စစ်မျက်နှာ ၄ ခုထက်မနည်းဖွင့်ကာ လက်နက်ကြီး၊ လက်နက်ငယ်တွေ ပုံအောပစ်ခတ်ပြီး ကျူးကျော်ထိုးစစ် ပြန်လည်စတင်ခဲ့ပြီး တနေ့တာတိုက်ပွဲတွေအတွင်း ကော်ဘရာစစ်သည်တော် ၃ ယောက်ကတော့ မစိုးရိမ်ရတဲ့ ဒဏ်ရာ အနည်းရရှိခဲ့တယ်လို့ ဆိုပါတယ်။

လတ်တလောမှာတော့ တနေ့တာလုံး တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး သတင်းထုတ်ပြန်ချိန်ညနေ ၇ နာရီ အချိန်အထိ တိုက်ပွဲ ဖြစ်ပွားနေဆဲ ဖြစ်ကာ အကြမ်းဖက် စစ်ကောင်စီဘက်က တိုက်လေယာဉ်တွေ၊ ၁၂၂ မမ ဟောက်ဝင်ဇာ အမြှောက်တွေ၊ ၆၀ မမ၊ ၈၁ မမ အမြောက်တွေအပြင် အတွဲလိုက်စနစ်သုံး ဒုံး MLRS တွေပါ အသုံးပြုပြီး ပစ်ခတ်ခဲ့တယ်လို့ ဆိုပါတယ်။

နယ်မြေဒေသလုံခြုံရေးအတွက် ကော်ဘရာစစ်သည်တော်တွေအနေနဲ့ ဆက်လက်ဆောင်ရွက် နေပြီး နယ်မြေတွင်း ဘယ်နေရာကိုမှ လက်လွှတ်ဆုံးရှုံးခဲ့ရတာမျိုး မရှိသေးပဲ ပြင်းထန်တဲ့ ဒီကနေ့တိုက်ပွဲအတွင်း ကော်ဘရာစစ်ကြောင်းရဲ့ စစ်သုံးယာဉ် တချို့၊ လက်နက်တချို့ ထိခိုက်ပျက်စီးခဲ့ရသလို အကြမ်းဖက် စစ်ကောင်စီ တပ်ဘက်က ထိခိုက်သေဆုံးမှုတွေရှိပေမယ့် တိုက်ပွဲ ဖြစ်ပွားနေဆဲဖြစ်တယ်လို့ ဖော်ပြပါတယ်။

စစ်ကောင်စီတပ်ရဲ့ လက်နက်ကြီးတပ်ဖွဲ့က သုံးထပ်ကွေ့အနီးနဲ့ သက်ရက်ပင်ဘက်ကို ပစ်ကူပေးခဲ့သလို မော်ဘီအခြေစိုက်လေတပ်က တိုက်လေယာဉ်တွေနဲ့ ၂ ကြိမ်လောက် လာရောက်ဗုံးကြဲသွားတယ်လို့ KNLA သတင်းရင်းမြစ်က ပြောပါတယ်။

ညနေအထိ တိုက်ပွဲဆက်ဖြစ်နေပြီး ကော့ကရိတ်မြို့တောင်ဘက် တစ်မိုင်ကုန်းရွာ၊ အန်ကောင်ရွာနဲ့ တခြားကျေးရွာတွေကို ကော့ကရိတ်မြို့အခြေစိုက် စစ်ကောင်စီတပ်က ညနေ ၅ နာရီမှ ၆ နာရီအထိ ပစ်ခတ်နေတယ်လို့ ဒေသခံတွေထံက သိရပါတယ်။

လတ်တလောမှာတော့ အာဏာသိမ်းစစ်အုပ်စုရဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက် ဖိနှိပ်ဖမ်းဆီး တိုက်ခိုက်သတ်ဖြတ်နေမှုတွေကို ပြည်သူတရပ်လုံးက အသက်ရှင်သန်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့်အရ ပြည်သူ့ခုခံစစ်ကို ဆင်နွှဲနေကြတာဖြစ်ပါတယ်။

ဒ့်အပြင် ပြည်သူ့ခုခံတွန်းလှန်စစ် ၁ နှစ်တာ ကာလအတွင်း စစ်ကောင်စီတပ်သား ၁၅ ,၀၀၀ နီးပါး သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ အယောက် ၄ ,၈၀၀ ကျော်ထိ ရှိခဲ့တယ်လို့ NUG အစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ပါတယ်။

ဒါဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်ကနေ အခုနှစ် မေ ၁၇ ရက်အထိ စုဆောင်းရရှိထားတဲ့ အချက်အလက်တွေအရ ဖော်ပြထားခဲ့တာဖြစ်ပြီး မြန်မာပြည်အနှံ့ တိုက်ပွဲတွေမှာ တပ်ဖွဲ့ဝင်တွေ သေဆုံးဒဏ်ရာရမှု အခြေအနေနဲ့ ပတ်သက်လို့ စစ်ကောင်စီဘက်ကတော့ သတင်းထုတ်ပြန်တာ မရှိပါဘူး။

https://burmese.dvb.no/archives/549886

-----------------------------------------------------------------------------------------------------------

## သုံးထပ်ကွေ့တိုက်ပွဲတွင် စကစမှတိုက်လေယာဉ်နှင့် အတွဲလိုက်ဗုံးများပါ အသုံးပြုတိုက်ခိုက်နေ

By မဇ္ဈိမ | 19 August 2022



မဇ္ဈိမ ။ ။ ကရင်ပြည်နယ်၊ မြဝတီခရိုင် မြဝတီ-ဝေါ်လေကားလမ်းမအနီး သုံးထပ်ကွေ့တိုက်ပွဲတွင် စစ်ကောင်စီတပ်မှ တိုက်လေယာဉ်များ၊ အတွဲလိုက်စနစ်သုံး ဗုံးများကိုပါ အသုံးပြု တိုက်ခိုက်နေကြောင်း သိရသည်။

မော်ဘီ လေတပ်စခန်းမှ Yak - 130 အမျိုးအစားလေယာဉ်ဖြင့် မြဝတီ - ဝေါ်လေ ကားလမ်းမအနီးသို့ ဩဂုတ် ၁၈ ရက်၊ ည ၁၁ နာရီ ၅၈ မိနစ်ခန့်တွင် ဗုံးသုံးလုံးကြဲချခဲ့ကြောင်း၊ ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီ၊ နေ့လယ် ၃ နာရီခန့်တို့တွင်လည်း တိုက်ပွဲဖြစ်ရာနေရာများသို့ ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း Cobra စစ်ကြောင်းမှ ထုတ်ပြန်ထားသည်။

စစ်ကောင်စီမှ တိုက်လေယာဉ်များ၊ အတွဲလိုက်စနစ်သုံးဗုံးများအပြင် ၁၂၂ မမ ဟောက်ဝင်ဇာ အမြောက်များ၊ ၆၀ မမ၊ ၈၁ မမ အမြောက်များကိုပါအသုံးပြု၍ ပြင်းထန်စွာပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

“ သူတို့အခုလို ပြင်းပြင်းထန်ထန်တိုက်နေတာက ဂုဏ်သိက္ခာပိုင်းဆိုင်ရာလို့ပဲ ကျနော်တို့ ယူဆပါတယ်။ ဘာကြောင့်လည်းဆိုရင် ဒီနေရာကို သူတို့တိုက်ဖို့ တစ်လနဲ့ ၁၅ ရက်ပြည့်တော့မယ်ပေါ့လေ။ သူတို့

သိမ်းဖို့ကြိုးစားနေတာပေါ့။ ဒါပေမယ့် အခုထိသူတို့မရသေးဘူး” ဟု ဟု KNLA (Cobra စစ်ကြောင်း) ပြန်ကြားရေးတာဝန်ခံ ကိုမျိုးသူရကိုကိုက မဇ္ဈိမသို့ပြောသည်။

စစ်ကောင်စီတပ်၏ တပ်မ (၄၄) လက်အောက်ခံ ခမရ (၁၀၂) သည် မြဝတီ-ဝေါလေ ကားလမ်းမပေါ်ရှိ ဘုရားကုန်းသို့ ယနေ့ ဩဂုတ် ၁၉ နံနက် ၃နာရီ ၃၅ မိနစ်ခန့်တွင် ကျူးကျော်သိမ်းပိုက်ရန်ကြိုးစားခဲ့၍ ကော်ဘရာစစ်သည်တော်များနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ခြင်းဟု သိရသည်။

အလားတူ နံနက် ၈နာရီတွင် စစ်ကောင်စီမှ အင်အားတိုးချဲ့ ထပ်မံစုဖွဲ့ပြင်ဆင်ပြီး စစ်မျက်နှာ လေးခုထက်မနည်းဖွင့်ကာ လက်နက်ကြီး၊ လက်နက်ငယ်များတစ်ရစပ်ပစ်ခတ်၍ ထိုးစစ် ပြန်လည်စတင်ခဲ့သည်။

“ သူတို့ရှိသမျှတပ်တွေလည်း ဖွဲ့စည်းပုံပျက်ပြီးတော့ ထွက်သွားရတယ်။ တကယ်တော့ အကြမ်းဖက်စစ်ကောင်စီမှာ တပ်ရင်း သုံးရင်းနဲ့ တစ်ဗျူဟာပေါ့လေ။ တပ်ရင်း လေးရင်းလောက်စုတဲ့အင်အားက ဘယ်နေရာမှာမဆို ဒါဟာ သိမ်းပိုက်လို့ရတယ်၊ ထိုးထွက်လို့ရတယ်၊ ဖောက်ထွက်လို့ရတဲ့ အင်အားဖြစ်ပါတယ်။ သူတို့ပထမသုံးတဲ့ တပ်ရင်း သုံးရင်းနဲ့ တစ်ဗျူဟာလည်း ကျရှုံးသွားတယ်၊ အခုလည်း ဗျူဟာပြောင်းပြီး နောက်ထပ်တပ်ရင်း သုံးရင်းနဲ့ နောက်ထပ်ဗျူဟာတစ်မျိုးထပ်ပြီးတော့ တိုးလာတာပေါ့၊ အခုလည်း အဲ့ဗျူဟာလည်းထပ်ပြီးတော့ ကျရှုံးတယ် ” ဟု မျိုးသူရကိုကိုက ပြောသည်။

ဂင်းတိုက်ပွဲ အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်မှ ခြောက်ဦးသေဆုံးပြီး၊ ၂၁ ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ယင်း တိုက်ပွဲတွင် အကြမ်းဖက် စစ်ကောင်စီ တပ်သား စစ်သုံ့ပန်း နှစ်ဦးအား အရှင်ဖမ်းဆီးရမိခဲ့ပြီး MA (1) သေနတ် တစ်လက်၊ MA (2) သေနတ် တစ်လက်၊ ကျည်ကာစစ်ခမောက် နှစ်လုံး၊ RPG ဗုံးသီး နှစ်လုံးတို့အပြင် ၅.၅၆ ကျည် ၁၀,၀၀ ဝန်းကျင်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရှင်ဖမ်းဆီးရမိသော စစ်ကောင်စီတပ်သားနှစ်ဦးမှာ ဒုတပ်ကြပ် ထင်ကျော်နှင့် တပ်သားမင်းသူ တို့ဖြစ်ပြီး ဂျီနီဗာကွန်ဗားရှင်းနှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်မှချမှတ်ထားသော စစ်သုံ့ပန်း စည်းမျဉ်းဥပဒေများနှင့်အညီ ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားကြောင်း ထုတ်ပြန်ချက်တွင် ရေးသားခဲ့သည်။

အဆိုပါတိုက်ပွဲအတွင်း ကော်ဘရာစစ်ကြောင်း၏ စစ်သုံးယာဉ်အချို့ လက်နက်အချို့ ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် သာသနိကအဆောက်အဦတစ်လုံး ပျက်စီးခဲ့ကြောင်းလည်းဆိုသည်။

တစ်နေ့တာလုံး တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည့် ယနေ့တိုက်ပွဲအတွင်း စစ်ကောင်စီတပ်၏ ထိုးစစ်ကိုခုခံသော ကော်ဘရာစစ်သည်တော် သုံးဦး (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ရသည်။

ထို့အပြင် သတင်းထုတ်ပြန်ခဲ့သည့် ဩဂုတ်လ ၁၉ ရက်၊ ညနေ ၇ နာရီအချိန်အထိ တိုက်ပွဲ ဖြစ်ပွားနေဆဲ ဖြစ်ကြောင်း ဖော်ပြထားသည်။

https://www.mizzimaburmese.com/article/113758

----------------------------------------------------------------------------------------------------

## ကော့ကရိတ်တွင် မြို့အဝင်၊အထွက် လမ်းများအားလုံး စစ်ကောင်စီပိတ်

### ဩဂုတ်လ ၁၈ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အတွင်း ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ယနေ့ ဩဂုတ်လ ၁၈ရက် နေ့လည်ပိုင်းမှစတင်ကာ မြို့အဝင်၊ အထွက်လမ်းများ အားလုံးကို စစ်ကောင်စီက ပိတ်ပစ်လိုက်ကြောင်း မြို့ခံများထံမှ သိရသည်။

ဩဂုတ်လ ၁၅ရက်နေ့တွင် မြို့တွင်းရဲစခန်း (၂) ခုအား စစ်အာဏာရှင်ကို တော်လှန် နေသည့် တော်လှန်ရေးအဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ယနေ့ နေ့လည်ပိုင်းအချိန်မှစကာ မြို့အဝင်အထွက် လမ်းများအားလုံးကို စစ်ကောင်စီက ဘိလပ်မြေထည့်ထားသော တိုင်ကီပုံများ၊ ကျောက်တုံးများနှင့် သဲအိတ်များဖြင့် လိုက်လံပိတ်ထားလိုက်သည်ဟု မျက်မြင်မြို့ခံများက ပြောသည်။

ကော့ကရိတ်ဒေသခံတစ်ဦးက ” စစ်ကောင်စီတွေလည်း တော်တော်လေး ကြောက်နေပုံရတယ်။ မြို့အဝင်အထွက်လမ်းတွေအသေချာ ပိတ်ထားလိုက်ပြီး ၊ ကင်းစောင့်ဖို့လည်း သူ့လူတွေမလုံလောက်တော့ဘူးဖြစ်မယ်”ဟု ကေအိုင်စီသို့ ပြောသည်။

ယနေ့ လမ်းများမပိတ်မီအချိန်တွင် စစ်ကောင်စီ၏ စည်ပင်လူကြီးများသည် မြို့အဝင်လမ်းများ လိုက်လံကြည့်ရှုပြီးနောက် စည်ပင်ဝန်ထမ်းများက ရန်ကုတ်လမ်းဟောင်း ၊ ရွှေကြက်မင်းဘုရားလမ်း၊ ရွာသစ်လမ်း၊ ကမိုင်ကုန်းလမ်း၊ နန်းကတိုးလမ်း၊ တတန်ကူးလမ်း၊ ပုလဲဖြူကယ်ဆယ်ရေးလမ်းနှင့် မွေးမြူဇုန်လမ်းသွယ် စသည့် မြို့အဝင်လမ်းအားလုံးကို ပိတ်ပစ်လိုက်ခြင်းဖြစ်ကာ ကော့ကရိတ်-ဖားအံအထွက် လမ်းတစ်လမ်းသာဂိတ်ချစစ်ဆေးမှုများ ပြုလုပ်၍ ပေးသွားတော့ကြောင်း မြို့တွင်းသွားလာသူများထံမှ သိရသည်။

ကော့ကရိတ်မြို့တွင်း ရဲစခန်းများ တိုက်ခိုက်ခံရပြီးနောက် မြို့တွင်းနှင့် မြို့အပြင် အနီးအနားကျေးရွာများတွင် တိုက်ပွဲများ ဆက်လက်ဖြစ်နေသလို ယနေ့တွင်လည်း ကော့ကရိတ်လမ်းဟောင်း တောင်သုံးလုံး၊ ကော့ကရိတ်အာရှ လမ်းသစ်ကွမ်းခြံကုန်းကွေ့နှင့် တောနော်ရေတံခွန်နားတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေကြောင်း ဒေသခံများထံမှ သိရသည်။

https://kicnews.org/2022/08/ကော့ကရိတ်တွင်-မြို့အဝင်/

---------------------------------------------------------------------------------------------

## လွိုင်လင်ခရိုင်အတွင်း စစ်ကောင်စီမှ စစ်ဆေး ပိုက်ဆံတောင်းမှုပြုလုပ်နေ

By SHAN - August 19, 2022

သျှမ်းပြည်တောင်ပိုင်း လွိုင်လင်ခရိုင်အတွင်းတွင် အာဏာသိမ်း စစ်ကောင်စီတပ်ဖွဲ့မှ ကားလမ်းမကြီးတစ်လျှောက် ရှောင်တခင် စစ်ဆေးပြုလုပ်ပြီး ပြည်သူများထံ ပိုက်ဆံတောင်းယူမှုများ ပြုလုပ်နေကြောင်း သတင်းသိရသည်။

ယခုလ ဒုတိယပတ်အတွင်း ကျေးသီး နှင့် မိုင်းနောင်ကြား ကားလမ်းမ ဘေးတစ်နေရာတွင် အာဏာသိမ်း စစ်ကောင်စီတပ်ဖွဲ့မှ လမ်းသွားလာသည့် မော်တော်ယာဥ်များကို တားမြစ်စစ်ဆေးပြီး ပိုက်ဆံတောင်းမှု ပြုလုပ်ခဲ့ကြောင်း ဒေသခံ အမျိုးသားတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

"ကျေးသီးနဲ့ မိုင်းနောင်ကြားက လမ်းဘေးတစ်နေရာမှာ စစ်ကောင်စီ တပ်ဖွဲ့က စစ်ကားနဲ့ ထိုင်ခုံနဲ့ လာစောင့်ပါတယ်၊ စစ်သားအင်အားတော့ သိပ် မများဘူး၊ ဘယ်ကလာလဲ ဘယ်ကိုသွားမလဲဆိုတာပဲမေးပြီး လက်ဘက်ရည်ဖိုးဆိုပြီး ကျနော် ပိုက်ဆံ ၂၀၀၀ ကျပ် ပေးလိုက်ရတယ်။ အဲ့လမ်းမှာ အမြဲတမ်းလာစောင့်နေတာတော့မဟုတ်ဘူး" ဟု ၎င်းအမျိုးသားက ပြောသည်။



မိုင်းနောင် – ကျေးသီး

အဆိုပါ စစ်ကောင်စီတပ်သားတို့သည် လမ်းသွားလမ်းလာပြည်သူများထံ ပိုက်ဆံတောင်းသည့်အခါတွင် ၂၀၀၀ နှင့် အထက် တောင်းခံနေကြပြီး တချို့ဈေးသည်များ နှင့် အရေးပေါ်ကိစ္စသွားလာခြင်းများ ပြုလုပ်သည့် ပြည်သူ များအတွက် အခက်အခဲဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့အပြင် ယခု လဆန်းပိုင်းတွင် လဲချားမြို့နယ် မှ လားရှိုးဘက်သွားသည့် ခရီးသည်တင် ကားသမားကိုလည်း လဲချား – ပင်လုံလမ်းကြား၌ စစ်ကောင်စီတပ်သားများက တားမြစ်ပြီး ပိုက်ဆံတောင်းခဲ့ကြောင်း သိရသည်။

"ကျနော်တို့က ဒီလမ်းကို အမြဲတမ်းသွားလာနေကြလေ၊ ဒါပေမဲ့ ပြီးခဲ့တဲ့တခေါက် ကျနော်လဲချားကထွက်တော့ ပင်လုံမရောက်ခင်မှာ စစ်သားတွေက သံဆူးကြိုးကာနဲ့ လမ်းကို ပိတ်ထားပြီး ပိုက်ဆံတောင်းတာ ကြုံခဲ့ရတယ်၊ မြို့ဝင်မြို့ထွက်နဲ့ တပ်ရှိတဲ့ နေရာကလွဲရင် ပိုက်ဆံပေး ရတယ် ဆိုတာ မရှိခဲ့ပါဘူး" ဟု တောင်ကြီး -လားရှိုး ကားမောင်းတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

စစ်ကောင်စီတပ်သားများ ပင်လုံမြို့ လွိုင်လင်မြို့ လဲချားမြို့ ကျေးသီး၊ မိုင်းနောင်၊ နမ့်စန် နှင့် ကွန်ဟိန်းစသည့် ကားလမ်းတလျှောက်တွင် စစ်ဆေးမှုပြုလုပ်ပြီး ပိုက်ဆံကောက်ယူနေကြောင်း သိရသည်။

https://burmese.shannews.org/archives/29853

-------------------------------------------------------------------------------------------------------

## စစ်တပ်ပစ်ခတ်သတ်ဖြတ်မှုကြောင့် ကျဆုံးပြည်သူအယောက် ၂၂၂၀ ထိရှိလာဟု အေအေပီပီ ထုတ်ပြန်

Published By DVB | 19 August, 2022




မြန်မာနိုင်ငံမှာ အာဏာသိမ်း ၁ နှစ်ခွဲကျော်အကြာ စစ်ကောင်စီတပ်တွေ အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၂,၂၂၀ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၁၅,၁၅၃ ယောက်ထိရှိပြီလို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ထုတ်ပြန်ပါတယ်။

ဒီစာရင်းဟာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဩဂုတ် ၁၈ ရက်အထိ အေအေပီပီက ကောက်ယူမှတ်တမ်းပြုစုထားတာဖြစ်ပြီး အမှန်တကယ် ကျဆုံးသူတွေဟာ ဒီထက်ပိုနိုင်တယ်လို့ ဖော်ပြပါတယ်။

နွေဦးတော်လှန်ရေးကာလအတွင်း ဒီနေ့အထိ ၁၂,၀၅၆ ယောက် လက်ရှိ ချုပ်နှောင်ခံထားရဆဲဖြစ်ပြီး အဲဒီထဲက ၁,၃၉၆ ယောက်ကတော့ ထောင်ဒဏ် ချမှတ်ခံထားရပါတယ်။

တော်လှန်ရေးနဲ့ ဆက်စပ်ပြီး သေဒဏ်ချမှတ်ခံထားရကာ အကျဉ်းထောင်တွေထဲ ထိန်းသိမ်းခံနေရသူအရေတွက်ကတော့ ၈၃ ယောက်ရှိနေပြီး မျက်ကွယ် သေဒဏ်ချမှတ်ခံထားရသူ ၄၂ ယောက်အပါအဝင် ၁၂၁ ယောက်ကတော့ မျက်ကွယ်ပြစ်ဒဏ်ချမှတ်ခံထားရတာကြောင့် သေဒဏ်ချမှတ်ခံထားရသူ စုစုပေါင်း ၁၂၅ ယောက် ရှိလာခဲ့ပြီဖြစ်ပါတယ်။

လတ်တလောအချိန်ထိ အာမခံနဲ့ လွတ်မြောက်သူ ၂၂ ယောက်ရှိပြီး ပြန်လည်လွတ်မြောက်လာသူဦးရေကတော့ ၃,၇၇၅ ယောက် ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဩဂုတ် ၁၆ ရက်မနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ လေးအိမ်စုကျေးရွာအနီးမှာရှိတဲ့ မြို့ပြပျောက်ကြားစခန်းကို အကြမ်းဖက်စစ်အုပ်စု စစ်ကြောင်းက ဝင်ရောက်စီးနင်းမီးရှို့ခဲ့ပြီး စခန်းအနီး တောင်ယာလုပ်ကိုင်နေတဲ့ တောင်သူ နှစ်ယောက်ကို ပစ်သတ်ခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ဩဂုတ် ၉ ရက်မနက်ပိုင်းမှာလည်း ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်အတွင်းကို အကြမ်းဖက်စစ်အုပ်စုက လေယာဉ်နဲ့ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ လွိုင်လင်လေးမြို့အရှေ့ဘက်၊ ဒေါပါပကျေးရွာ ဆေးပေးခန်း မှာ နေမကောင်းလို့ ဆေးလာကုနေတဲ့ လူနာဖြစ်သူ ဒေါစဲကျေးရွာက ဦးသိုးရယ်ကို ဗုံးစထိမှန် သေဆုံးခဲ့တယ်လို့ သိရပါတယ်။

အရပ်ဘက်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေ၊ အရပ်သားတွေ၊ တက်ကြွလှုပ်ရှားသူတွေ၊ သတင်းသမားတွေ၊ CDM လှုပ်ရှားနေတဲ့ ဝန်ထမ်းတွေ စတဲ့ နယ်ပယ်အသီးသီးမှ ဘယ်သူမဆို ဖမ်းဆီး၊ ထိန်းသိမ်း၊ တရားစွဲဆိုခံထားရတာတွေနဲ့ ပတ်သက်လို့ နွေဦးတော်လှန်ရေး ကာလအတွင်း ကျဆုံးသွားသူတွေရဲ့ အချက်အလက်တွေကို သိရှိပါက အေအေပီပီကို ဆက်သွယ်အသိပေး အကြောင်းကြားနိုင်ပါတယ်။

ဒါ့အပြင် ကျဆုံးအချက်အလက်တွေကို ဖော်ပြပါ fatality-data@aappb.org အီးမေးလ်နဲ့ အဖမ်းအဆီး အချက်အလက်တွေကို detention-data@aappb.org အီးမေးလ်တွေဆီလည်း တိုက်ရိုက်ပေးပို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း အသိပေးထားပါတယ်။

https://burmese.dvb.no/archives/549702

-----------------------------------------------------------------------------------------------------------

## နိုင်ငံတကာရေးရာများ ပိုမိုပူးပေါင်းဆောင်ရွက်ရန်KNU နှင့် NLD သဘောတူ

By ဧရာဝတီ | 19 August 2022

ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဗဟိုအလုပ်ကော်မတီ `တို့ကြား မြန်မာနိုင်ငံနှင့် ပတ်သက်သည့် နိုင်ငံတကာရေးရာကိစ္စရပ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း KNU နိုင်ငံခြားရေးဌာန အကြီးအကဲ ပဒိုစောတောနီးက ဧရာဝတီသို့ ပြောသည်။

၎င်းက "ကျနော်တို့က ဘုံရည်မှန်းချက်တူညီတဲ့ အဖွဲ့အစည်းတွေ ဖြစ်တဲ့အခါကျတော့ ရှေ့ဆက်ပြီး ဘယ်လို ပူးပေါင်း ဆောင်ရွက်သွားမလဲ။ ဆက်လက် လုပ်ဆောင်နိုင်မယ့် နည်းလမ်းတွေပေါ့။ အထူးသဖြင့် နိုင်ငံတကာဆက်ဆံရေးဘက် မှာ ကျနော်တို့ အဓိကထားဆွေးနွေးတယ်" ဟု ဆိုသည်။

ပြီးခဲ့သည့် ဩဂုတ် ၁၆ ရက်က NLD ဗဟိုအလုပ်ကော်မတီနှင့် KNU ခေါင်းဆောင်ပိုင်းများ ပါဝင်သော အွန်လိုင်း အစည်းအဝေးတွင် ဆွေးနွေးခဲ့သည်များအား ပဒိုစောတောနီးက ရှင်းပြခြင်း ဖြစ်သည်။

အစည်းအဝေးကို KNU မှ ဒုဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်း၊ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးနှင့် အမြဲတမ်း ဗဟိုကော်မတီဝင်များ ဖြစ်သော ပဒိုစောတောနီးတို့ တက်ရောက်ခဲ့ပြီး NLD ဗဟိုအလုပ်ကော်မတီမှ

ဦးအောင်ကြည် ညွှန့်၊ ဒေါက်တာမေဝင်းမြင့်၊ ဒေါက်တာခင်ဆောင်၊ ဦးထွန်းမြင့်၊ ဦးကျော်ထွေးနှင့် ဦးမျိုးနိုင်တို့ တက်ရောက်ခဲ့သည်။

ပဒိုစောတောနီးက လက်ရှိ မြန်မာနိုင်ငံ ကြုံနေရသည့်ပဋိပက္ခကို နိုင်ငံတကာအသိုင်းအဝိုင်းက ရှုမြင်ပုံများကွဲပြားနေပြီး နိုင်ငံတကာ၏ အမြင်များကို တခုတည်းဖြစ်စေရန် လုပ်ဆောင်သွားနိုင်ရေး အစည်းအဝေး၌ ဆွေးနွေးခဲ့သည်ဟုလည်း ဆိုသည်။

"စစ်တပ်က ပြုပြင်ပြောင်းလဲချင်တဲ့ စိတ်မရှိဘူးဆိုတာကို ကျနော်တို့ တောက်လျှောက်ပြောနေပေမယ့် တချို့နိုင်ငံတွေ မြင်နေတာက ဘာပဲဖြစ်ဖြစ် အနည်းဆုံးတော့ ခင်ဗျားတို့ စစ်ကောင်စီနဲ့ ဆွေးနွေးသင့်တယ်ဆိုတာမျိုး ရှိနေတယ်။ ကျနော်တို့ပြောတာက ဒီစစ်တပ်ကလူတွေနဲ့ ကျနော်တို့ KNU လောက် ဆွေးနွေးတာ ကျနော်တို့ပဲ ရှိတယ်။ အခုက တချို့နိုင်ငံတွေ မြင်နေတာက မြန်မာနိုင်ငံ အခြေအနေက မရတော့ဘူး။ ပုံစံတမျိုး ပြောင်းလုပ်ရမယ်လို့ မြင်နေတယ်။ တချို့ကျတော့လည်း လက်ရှိပုံစံအတိုင်း ဆွေးနွေးရေးလမ်းကသွားတာ ပိုကောင်းပါတယ်ဆိုတာမျိုး မြင်နေကြတယ်။ စစ်ကောင်စီက အချိုးမပြောင်းဘူး။ သူနဲ့ ဆွေးနွေးလို့ မရဘူးဆိုတာကို တခုတည်းမြင်လာအောင် ကျနော်တို့ ဆက် လုပ်သွားဖို့ လိုတယ်ဆိုတာ အဓိကထားပြီး ဆွေးနွေးခဲ့တာပါ" ဟု ၎င်းက ရှင်းပြသည်။

NLD ဗဟိုအလုပ်ကော်မတီ ပြောရေးဆိုခွင့်ရှိသူ ဦးကျော်ထွေးကလည်း KNU နှင့် NLD ကြား ပုံမှန်တွေ့ဆုံဆွေးနွေးမှု များရှိပြီး လက်ရှိ မြန်မာ့နိုင်ငံအရေးနှင့် နိုင်ငံတကာ အခြေအနေများကို သဘောထားဖလှယ် ဆွေးနွေးခဲ့ကြခြင်းသာ ဖြစ်ကြောင်း ဧရာဝတီသို့ ပြောသည်။

ပြီးခဲ့သည့် မေလနှောင်းပိုင်းတွင် NLD သည် နိုင်ငံရေးပါတီတရပ် အနေဖြင့် မြန်မာနိုင်ငံရှိ အာဏာသိမ်းမှုဆန့်ကျင် သော အတိုက်အခံများ၏ အမြင့်ဆုံးစုဖွဲ့မှုဖြစ်သည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တွင် မပါဝင် တော့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

KNU သည် NUCC တွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ အနေဖြင့် ဆက်လက် ပါဝင်နေဆဲ ဖြစ်သည်။

NLD သည် NUCC တွင် နိုင်ငံရေးပါတီတရပ် အနေဖြင့် မပါဝင်သော်လည်း NLD နှင့် KNU ကြား အာဏာရှင်စနစ် ဆန့် ကျင်ရေး အပါအဝင် အခြားသော နိုင်ငံရေးမျှော်မှန်းချက်များ၌ တူညီမှုရှိနေသဖြင့် ပူးပေါင်းဆောင်ရွက်၍ ရနေခြင်းဖြစ် ကြောင်း ပဒိုစောတောနီးက ပြောသည်။

၎င်းက "အဓိကကတော့ ဘုံရည်မှန်းချက် တူနေလို့ပါပဲ။ တချို့ကတော့ NUCC ထဲမှာ မပါဘူး။ NLD နဲ့ ကျနော်တို့ကြား မှာ ဘုံရည်မှန်းချက်တူတာတွေ အများကြီး ရှိတယ်။ NUCC မှာ မပါတာက NLD မှ မဟုတ်ဘူး။ တခြားတော်လှန်ရေး အဖွဲ့အစည်းတွေလည်း ရှိတယ်။ သူတို့ မပါပေမယ့် ကျနော်တို့ ချိတ်ဆက် လုပ်ဆောင်လို့ရတယ်။ NLD က နှစ်ပေါင်း များစွာရှိလာတဲ့ ပါတီကြီးတခုလည်း ဖြစ်တယ်။ အစိုးရတရပ် အနေနဲ့လည်း ဖွဲ့စည်းအုပ်ချုပ်ခဲ့ဖူးတယ်။ ကျနော်တို့က တော့ ရနိုင်သမျှနည်းလမ်းတွေနဲ့ အာဏာရှင်စနစ် ဆန့်ကျင်ရေးမှာ လက်တွဲချိတ်ဆက် လုပ်ဆောင်နေတာတွေ ရှိပါ တယ်" ဟု ဆိုသည်။

KNU နှင့် NLD ဗဟိုအလုပ်ကော်မတီတို့၏ ယခုတကြိမ် တွေ့ဆုံဆွေးနွေးမှုမှာ စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ပြီးခဲ့သည့် မေ ၂၆ ရက်က တတိယအကြိမ်မြောက် တွေ့ဆုံမှုတွင် စစ်အာဏာရှင်ဖယ်ရှားရေးနှင့် ဖက်ဒရယ်အရေးတို့ကို ဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

https://burma.irrawaddy.com/news/2022/08/19/253988.html

---

## စိုးဝင်းက မင်းအောင်လှိုင်ကို အာဏာသိမ်းမည် မဟုတ်

By ဧရာဝတီ | 19 August 2022

မြန်မာစစ်ကောင်စီ ဒုခေါင်းဆောင်သည် စစ်ကောင်စီခေါင်းဆောင်ထံမှ အာဏာသိမ်းယူပြီး ဖမ်းဆီးခံ အရပ်သား ခေါင်းဆောင်များကို လွှတ်ပေးမည်ဟုထင်လျှင် ထင်ယောင်ထင်မှားဖြစ်ခြင်းသာ။

သို့သော် တချို့လေ့လာသုံးသပ်သူများက စစ်ကောင်စီ ဒုခေါင်းဆောင် ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို သူ လုပ်နေသည့်အမှားများအတွက် ထုတ်ပယ်ပစ်ရန် လုပ်လိမ့်မည်ဟု စိတ်ကူးယဉ်ချင်ကြသည်။

*ဒုစစ်ကောင်စီခေါင်းဆောင် စိုးဝင်းသည် ထိုသို့လုပ်ရပ်မျိုး မလုပ်ကြောင်း၊ ဆရာသမားကို ဆက်လက်သစ္စာခံကြောင်း အကြိမ်ကြိမ် သက်သေပြခဲ့သည်။*

ဒုစစ်ကောင်စီခေါင်းဆောင် စိုးဝင်းသည် ထိုသို့လုပ်ရပ်မျိုး မလုပ်ကြောင်း၊ ဆရာသမားကို ဆက်လက်သစ္စာခံကြောင်း အကြိမ်ကြိမ် သက်သေပြခဲ့သည်။

လွန်ခဲ့သောနှစ် အာဏာသိမ်းချိန်မှစတင်ပြီး အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်သည် ရုရှားသို့ ခရီးရှည် ၂ ကြိမ်သွားသည်။ ပထမ တကြိမ်မှာ အာဏာသိမ်းပြီးနောက် ၄ လအကြာ ၂၀၂၁ ခုနှစ်၊ ဇွန်လကဖြစ်ပြီး သူ့လူကို ယုံကြည်ကြောင်း ဖော်ပြသည်။

ယခုနှစ် ဇူလိုင်လတွင်လည်း ရုရှားသို့ ခရီးရှည် တကြိမ်သွားပြန်သော်လည်း အချို့သူများ အိပ်မက်မက်နေသည့် အာဏာသိမ်းမှု ဖြစ်ပွားခြင်း မရှိပေ။ ဒုစစ်ကောင်စီခေါင်းဆောင် စိုးဝင်းက သူ့ဆရာသမားကို သစ္စာမပျက်ရခြင်းမှာ သူသည် အာဏာသိမ်းရန် ပူးပေါင်းကြံစည်သူ စာရင်းမှ သူ၏အမည်ကို အဖတ်ဆယ်ရန် အခွင့်အလမ်း ဆုံးရှုံးနေကြောင်း ပြသနေခြင်းလည်း ဖြစ်သည်။

အရေးအကြီးဆုံးအချက်မှာ မင်းအောင်လှိုင်သည် စစ်ကောင်စီ ခေါင်းဆောင်အနေဖြင့် အုပ်ချုပ်ရေးကိစ္စများကို ကွပ်ကဲပြီး သူ၏နောက်လိုက် စိုးဝင်းမှာ စစ်အုပ်စု ဒုခေါင်းဆောင်နှင့် ကြည်းတပ် ခေါင်းဆောင်အဖြစ် တိုင်းရင်းသား လက်နက်ကိုင်များနှင့် ပြည်သူ့ကာကွယ်ရေးတပ်များမှသည် မြို့ကြီးများတွင် စစ်တပ်ပစ်မှတ်များကို ပစ်ခတ်ပြီး တိမ်းရှောင်နေသည့် မြို့ပြ ပြောက်ကျားများအထိ လက်နက်ကိုင်အဖွဲ့ အားလုံးကို ထိုးစစ်ဆင်ရာတွင် အဓိက တာဝန်ရှိသူဖြစ်ကြောင်း တပ်တွင်း သတင်းရင်းမြစ်များက ပြောသည်။

လွန်ခဲ့သော ၁၈ လအတွင်း စိုးဝင်းသည် မင်းအောင်လှိုင်ကို သစ္စာခံသူဖြစ်ကြောင်းပြသပြီး လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ကာ တိုက်ခိုက်ရေးတပ်များ ဖြန့်ကျက်ပြီး စစ်ကောင်စီ ဆန့်ကျင်ရေး အင်အားစုများအားလုံးကို ချေမှုန်းရေး အားစိုက်လုပ်ကိုင်သည်။

"စစ်အုပ်စု ဒုခေါင်းဆောင်က စစ်တိုက်ဖို့ အဓိကတာဝန်ရှိတယ်။ စိုးဝင်း ကျေးဇူးကြောင့် မင်းအောင်လှိုင် ရာထူး မြဲနေတယ်" ဟု စစ်တပ်ကို အစောဆုံး စွန့်ခွာလာသူများအနက် တဦးဖြစ်သည့် ဗိုလ်ကြီးဟောင်း ညီသုတက ဧရာဝတီ သတင်းဌာနသို့ မကြာသေးမီက ပြောသည်။ ဗိုလ်ကြီးဟောင်း ညီသုတသည် လူထုအာဏာဖီဆန်မှုတွင် ပါဝင်လိုသော စစ်သားများကို ကူညီရန် ပြည်သူ့ပန်းတိုင်အဖွဲ့ကို ဖွဲ့စည်းထားသူဖြစ်ပြီး တပ်တွင်းမှ လက်ရှိ စစ်သားများနှင့် အဆက်အသွယ်ရှိသူ ဖြစ်သည်။

*မည်သူမျှ မင်းအောင်လှိုင်ကို ဖြုတ်ချပြီး အရပ်သားအစိုးရသို့ အာဏာ ပြန်လည်လွှဲပြောင်းကာ လက်ရှိရာထူး အဆင့်အတန်းကို သာမက မြန်မာတွင် အရာရာကို ထိန်းချုပ်ထားသည့် စစ်တပ်တွင်း ဩဇာအာဏာကို မစွန့်လွှတ်လိုပေ။*

စိုးဝင်းအပြင် အခြားထိပ်တန်း ဗိုလ်ချုပ်များတွင် ကြည်း၊ ရေ၊ လေ ပူးပေါင်းကွပ်ကဲရေးမှူး မောင်မောင်အေး၊ ကာကွယ်ရေးဝန်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ ပါဝင်သည်။ သို့သော် ၎င်းတို့အနက် မည်သူမျှ မင်းအောင်လှိုင်ကို ဖြုတ်ချပြီး အရပ်သားအစိုးရသို့ အာဏာ ပြန်လည်လွှဲပြောင်းကာ လက်ရှိရာထူး အဆင့်အတန်းကို သာမက မြန်မာတွင် အရာရာကို ထိန်းချုပ်ထားသည့် စစ်တပ်တွင်း ဩဇာအာဏာကို မစွန့်လွှတ်လိုပေ။

"စစ်ဗိုလ်တွေက သူတို့အခွင့်ထူးတွေ ကန့်သတ်ခံရလို့ အရပ်သား အုပ်ချုပ်ရေးကို မကြိုက်ဘူး " ဟု ဗိုလ်ကြီးဟောင်း ညီသုတက ပြောသည်။

## ရိုကျိုးသော ဝါနုသူ

ဒုတပ်ချုပ် စိုးဝင်းသည် မင်းအောင်လှိုင်ကဲ့သို့ပင် သူထက်ဝါရင့်သူများကို ကျော်ကာ စစ်တပ် ဒုအကြီးအကဲဖြစ်လာသည်မှာ အံ့ဩဖွယ်မဟုတ်ပေ။

မင်းအောင်လှိုင်သည် စစ်တက္ကသိုလ် အပတ်စဉ် ၁၉ ဆင်းဖြစ်ပြီး စိုးဝင်းသည် အပတ်စဉ် ၂၂ ဆင်းဖြစ်သည်။ ယခင် စစ်အာဏာရှင် ဦးသန်းရွှေ နုတ်ထွက်သောအခါ သူသည်ရွေးစရာ ဝါရင့်ဗိုလ်ချုပ်အများအပြားအနက်မှ မင်းအောင်လှိုင်နှင့် စိုးဝင်းတို့ထံ စစ်တပ်ကို အပ်သည်မှာ အံ့ဩစရာဖြစ်သည်။

ဦးသန်းရွှေ စဉ်းစားပုံမှာ စစ်တပ်ခေါင်းဆောင်သည် ပထမဆုံး အရပ်သားအစိုးရသက်တမ်း ၅ နှစ်ကုန်သောအခါ အနားယူရမည် ဖြစ်သည်။ စစ်တပ် ဒုခေါင်းဆောင်သည် ဒုတိယအစိုးရသို့ အာဏာလွှဲပြောင်းချိန်တွင် စစ်တပ်၏ အခန်းကဏ္ဍကို ဦးဆောင်ရမည်ဖြစ်သည်ဟု ဦးသန်းရွှေနောက်လိုက်တဦးက ဧရာဝတီ သတင်းဌာနသို့ ပြောသည်။

"ဒါပေမယ့် မင်းအောင်လှိုင်က အဲဒီစည်းမျဉ်းကို ချိုးဖောက်လိုက်တယ် " ဟု သူက ဆက်ပြောသည်။

*အာဏာသိမ်းပြီးသောအခါ မင်းအောင်လှိုင်သည် သူ့ကိုယ်သူ တိုင်းပြည်၏ တသက်တာ စစ်ခေါင်းဆောင်အဖြစ် ခန့်လိုက်သလို ဒုစစ်ခေါင်းဆောင်အတွက်၊ တနည်းအားဖြင့် စိုးဝင်းအတွက် အသက် ကန့်သတ်ချက်ကိုလည်း ပယ်ဖျက်လိုက်သည်။*

အသက် ၆၀ ပြည့်သောအခါ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အငြိမ်းစားယူရန် ငြင်းဆန်ပြီး သူထိန်းချုပ်ထားသော ကာကွယ်ရေးကောင်စီ၏ ညွှန်ကြားချက်တခုအရ အငြိမ်းစားသက်တမ်းကို တိုးလိုက်သည်။ အာဏာသိမ်းပြီးသောအခါ သူ့ကိုယ်သူ တိုင်းပြည်၏ တသက်တာ စစ်ခေါင်းဆောင်အဖြစ် ခန့်လိုက်သလို ဒုစစ်ခေါင်းဆောင်အတွက်၊ တနည်းအားဖြင့် စိုးဝင်းအတွက် အသက် ကန့်သတ်ချက်ကိုလည်း ပယ်ဖျက်လိုက်သည်။ တနည်းအားဖြင့် ဆိုရပါက မင်းအောင်လှိုင်သည် စိုးဝင်း စစ်ခေါင်းဆောင်ဖြစ်ခွင့်ကို မမျှမတ ပိတ်ပင်လိုက်ခြင်း ဖြစ်သည်။

သို့သော် ဒုတပ်ချုပ် စိုးဝင်းသည် ကျေနပ်နေပုံရပြီး သူ့ရာထူးကို အသုံးချကာ ဆရာသမားကို အာခံရန်လည်း မစဉ်းစားကြောင်း ထင်ရှားသည်။

စစ်တပ်တခုလုံး၏ ဒု အကြီးအကဲဖြစ်သည့်အပြင် စိုးဝင်းသည် လေတပ်နှင့် ရေတပ်များမှ အကြီးအကဲများထက် ဩဇာပိုမိုကြီးမားသည့် ကြည်းတပ်ခေါင်းဆောင် ဖြစ်သည်။

သူသည် ခုခံရေးအင်အားစုများကို မင်းအောင်လှိုင်အတွက် ချေမှုန်းပေးနေပြီး သူ့ဆရာ၏ နိုင်ငံရေးရပ်တည်ချက်အတိုင်းသာ နေသည်။

“သူက ဒုတိယလူဖြစ်ရတာကို ကျေနပ်တယ်။ သူက သောက်ရတာနဲ့ တိုက်ရတာကို ကြိုက်တယ် ” ဟု အငြိမ်းစား စစ်အရာရှိတဦးက ပြောသည်။

မဝေးကွာလှသေးသော အတိတ်တွင် စစ်အုပ်စု ဒုခေါင်းဆောင် သန်းရွှေသည် သူ့ထက်ဝါရင့်သည့် စစ်တပ် အကြီးအကဲ စိတ်ကစဥ့်ကလျားဖြစ်နေသူ စောမောင်ကို ရှင်းထုတ်သည်။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲပြီးလျှင် အာဏာကို အနိုင်ရသည့်ပါတီထံအပ်ကာ စစ်တန်းလျားပြန်မည်ဆိုသည့် စောမောင်၏ စကားကိုလည်း သူလက်မခံနိုင်ပေ။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) သည် ထိုရွေးကောက်ပွဲတွင် တောင်ပြိုကမ်းပြို နိုင်သော်လည်း အာဏာရခွင့် မပြုခဲ့ပေ။

*၁၉၆၂ ခုနှစ်မှ စသည့် ခေတ်သစ် မြန်မာစစ်တပ်သမိုင်းတွင် မည်သည့် ဒု စစ်ခေါင်းဆောင်ကမျှ သူ၏ခေါင်းဆောင်ထံမှ အာဏာကို ရွေးကောက်ခံအစိုးရထံ ပြန်ပေးရန် အာဏာသိမ်းခြင်း မရှိပေ။*

၁၉၆၂ ခုနှစ်မှ စသည့် ခေတ်သစ် မြန်မာစစ်တပ်သမိုင်းတွင် မည်သည့် ဒု စစ်ခေါင်းဆောင်ကမျှ သူ၏ခေါင်းဆောင်ထံမှ အာဏာကို ရွေးကောက်ခံအစိုးရထံ ပြန်ပေးရန် အာဏာသိမ်းခြင်း မရှိပေ။

**အသံတိတ် လူသတ်သမား**

အပတ်စဉ် ၂၂ ဆင်းများတွင် စိုးဝင်းသည် ရာထူးအမြင့်ဆုံး ရထားသူဖြစ်သည်။ သို့သော် သူသည် သူနှင့် အပတ်စဉ်တူများလောက် လူသိများခြင်း မရှိပေ။ ဦးသိန်းစိန် အစိုးရခေတ်တွင် ပြောရေးဆိုခွင့်ရှိသူနှင့် ပြန်ကြားရေးဝန်ကြီး လုပ်ခဲ့ဖူးသော ဦးရဲထွဋ်သည် ထိုအပတ်စဉ်တွင် ထင်ရှားကျော်ကြားသူ ဖြစ်သည်။

ထိုအပတ်စဉ်မှ ထင်ရှားကျော်ကြားသူများတွင် ရေတပ်အကြီးအကဲ သူရသက်ဆွေ၊ ပြည်ထဲရေး ဝန်ကြီးဟောင်း ကျော်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဟောင်း လှမင်း၊ စွမ်းအင်ဝန်ကြီးဟောင်း ဇေယျာအောင်နှင့် စစ်ကောင်စီ၏ ငြိမ်းချမ်းရေး ညှိနှိုင်းမှုအဖွဲ့ခေါင်းဆောင် ရာပြည့်တို့ ပါဝင်သည်။

*သူသည် ယခုဖြစ်ပေါ်နေသည့် အရပ်သားများကို သတ်ဖြတ်မှုများနှင့် ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာများအပေါ် ပြုလုပ်သည့် နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများအတွက် တာဝန်ရှိသူဖြစ်သည်။*

စိုးဝင်းသည် နားလည်ရခက်သော တိတ်ဆိတ်သူဖြစ်သည်။ သို့သော် သူသည် အသံတိတ် လူသတ်သမား ဖြစ်သည်။ သူသည် ယခုဖြစ်ပေါ်နေသည့် အရပ်သားများကို သတ်ဖြတ်မှုများနှင့် ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာများအပေါ် ပြုလုပ်သည့် နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများအတွက် တာဝန်ရှိသူဖြစ်သည်။ အမေရိကန်အစိုးရက အရေးယူပိတ်ဆို့ခံထားရသည့် စိုးဝင်းသည် ထိုရက်စက်ကြမ်းကြုတ်မှုများအတွက် နောင်တမရပေ။

“အာဏာသိမ်းပြီးနောက် ဒုချုပ်က ပိုတောင် တက်ကြွနေသေးတယ် ” ဟု စစ်အရာရှိဟောင်းတဦးက ပြောသည်။

စိုးဝင်းကို ၁၉၆၀ ပြည့်နှစ်တွင် မွေးသည်။ စစ်တက္ကသိုလ် အပတ်စဉ် ၂၂ သို့ ၁၉၇၆ ခုနှစ်တွင်တက်ပြီး ၁၉၈၁ မှ ၂၀၀၁ ခုနှစ်အထိ ရာထူးအဆင့်ဆင့် ထမ်းဆောင်ရာတွင် ရခိုင်မြောက်ပိုင်း မင်းပြားမှ ခလက ၃၇၉ တွင် တပ်ရင်းမှူး လုပ်ဖူးသည်။ ၂၀၀၃ ခုနှစ်တွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ်တွင် ဗျူဟာမှူး ဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် အမှတ် ၁၀ စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်တွင် ဌာနချုပ်မှူးဖြစ်သည်။ ၂၀၀၆ ခုနှစ်တွင် ဗထူးတိုက်ခိုက်ရေးကျောင်း ကျောင်းအုပ်ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် မြောက်ပိုင်းတိုင်း တိုင်းမှူး ဖြစ်လာသည်။

ထို့နောက် သူ့ကို အထူးစစ်ဆင်ရေးအဖွဲ့ ခေါင်းဆောင်အဖြစ် ရာထူးတိုးပေးပြီး နေပြည်တော်သို့ ပြန်လည်ခေါ်ယူကာ ၂၀၁၁ ခုနှစ် မတ်လတွင် စစ်တပ် ဒုခေါင်းဆောင် ခန့်လိုက်သည်။

**စစ်အုပ်စု ခေါင်းဆောင်ဖြစ်လာမလား**

မင်းအောင်လှိုင် သမ္မတရှုး ရှူးနေသည်မှာ လူတိုင်းသိသော လျှို့ဝှက်ချက်ဖြစ်သည်။ မင်းအောင်လှိုင် သမ္မတ ဖြစ်ဦးမည်ဆိုလျှင် သူသည် ယုံကြည်ရသူတဦးကို စစ်အုပ်စု အကြီးအကဲ ခန့်ရမည်ဖြစ်သည်။ စိုးဝင်းမှ လွဲပြီး အခြားသူမရှိပေ။

ဒုဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းသည် နောက်ဖြစ်လာမည့် စစ်အုပ်စု ခေါင်းဆောင်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ခန့်မှန်းနေကြသော်လည်း မင်းအောင်လှိုင်သည် စိုးဝင်းကို အစိုးရအဖွဲ့တွင် မည်သည့်အာဏာမျှ မရှိသည့် ဒုသမ္မတအဖြစ် ခေါ်သွားပြီး အတွေ့အကြုံနည်းသည့် ငယ်ရွယ်သော ဗိုလ်ချုပ်များကို စစ်အုပ်စုအား ပေးအပ်ခဲ့မည် မဟုတ်ပေ။

စစ်အုပ်စုတွင် တတိယ သြဇာအကြီးမားဆုံးဖြစ်သော ကြည်း၊ ရေ၊ လေ ပူးပေါင်းညှိနှိုင်းရေးမှူး ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးတို့သည် စစ်တက္ကသိုလ် အပတ်စဉ် ၂၅ မှဖြစ်ပြီး မည်သူမျှ စစ်အုပ်စု အကြီးအကဲ ဖြစ်မည့်အလားအလာ မရှိပေ။

***စိုးဝင်းသည် မင်းအောင်လှိုင် နုတ်ထွက်သောအခါ ထိုအလားအလာရှိသော စစ်အုပ်စုခေါင်းဆောင်ရာထူးကို မျှော်လင့်နေပုံရပြီး မင်းအောင်လှိုင်ကို ဖယ်ရှားလိုစိတ်ဖြစ်ရန် အကြောင်းမမြင်ပေ။***

စိုးဝင်းသည် မင်းအောင်လှိုင် နုတ်ထွက်သောအခါ ထိုအလားအလာရှိသော စစ်အုပ်စုခေါင်းဆောင်ရာထူးကို မျှော်လင့်နေပုံရပြီး မင်းအောင်လှိုင်ကို ဖယ်ရှားလိုစိတ်ဖြစ်ရန် အကြောင်းမမြင်ပေ။

ထို့ကြောင့် စိုးဝင်းသည် ခပ်လျှိုလျှိုနေပြီး သူသည် ရည်မှန်းချက်ကြီးမားသူဖြစ်ကြောင်း မရိပ်မိအောင်နေသည်။

လက်တွေ့တွင် သူသည် စစ်အာဏာသိမ်းမှုကို ပူးပေါင်းကြံစည်သူနှင့် မင်းအောင်လှိုင်ကို ကာကွယ်သူ ဖြစ်ရုံသာမက နိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ ပြည်သူ့ကာကွယ်ရေးတပ်များနှင့် အရပ်သားများကို သွေးချောင်းစီး သတ်ဖြတ်ရာတွင် အဓိကတာဝန်ရှိသည့် ဗိုလ်ချုပ်တဦးသာ ဖြစ်သည်။

ထို့ကြောင့် အခြေအနေကို နားမလည်သူများအနေဖြင့် စိုးဝင်းသည် ဖြုတ်ချခံ NLD အစိုးရကို အာဏာ ပြန်လည်ပေးအပ်ရန် အသာထား မင်းအောင်လှိုင်ထံမှ အာဏာပြန်သိမ်းမည်ဟု ထင်ယောင်ထင်မှားနှင့် လိုရာတွေးခြင်းကို စွန့်လွှတ်ရန် အချိန်ဖြစ်ပေသည်။

*(ဧရာဝတီ အင်္ဂလိပ်ပိုင်းမှ Don’t Bet on Myanmar Junta No. 2 Ousting His Boss ကို ဘာသာပြန် ဖော်ပြသည်။)*

https://burma.irrawaddy.com/article/2022/08/19/253974.html

---------------------------------------------------------------------------------------------------

## ပြည်ထောင်စု ဝန်ကြီးအချို့အား ဌာနပြောင်းရွှေ့မှုများပြုလုပ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့အား ပြင်ဆင်ဖွဲ့စည်း

PUBLISHED 19 AUGUST 2022

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရ အဖွဲ့အား ပြင်ဆင်ဖွဲ့စည်းကြောင်း သြဂုတ် ၁၉ ရက်က အမိန့်ကြေညာစာအမှတ်(၄၉/၂၀၂၂)ဖြင့် ထုတ်ပြန်သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၄၈ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

ပြည်ထောင်စုဝန်ကြီးတာဝန်ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့အား ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာကံဇော် ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဦးမြင့်ကြိုင် ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| (၃) | ဒေါက်တာပွင့်ဆန်း ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး အလုပ်သမားဝန်ကြီးဌာန |
| (၄) | ဦးအောင်နိုင်ဦး ပြည်ထောင်စုဝန်ကြီး ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ပြည်ထောင်စုဝန်ကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

အဆိုပါ ထုတ်ပြန်မှုများအရ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်အား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းအား အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး စသည်ဖြင့် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဆွေအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးတင်ဦးအား ပြည်ထောင်စုစာရင်းစစ်ချုပ် အဖြစ်လည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးအပ်ခဲ့ပြီး ဦးတင်ဦးလွင်အား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ခန့်အပ်လိုက်ကြောင်းလည်း ထုတ်ပြန်ထားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရ အဖွဲ့အား ပြင်ဆင်ဖွဲ့စည်းကြောင်း ထုတ်ပြန်ထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့စာရင်းတွင် နစက အစိုးရလက်ထက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် ဦးခင်ရီ ၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စု ဝန်ကြီး အဖြစ်ဆောင်ရွက်နေသည် ဦးချစ်နိုင်တို့ ပါဝင်လာခြင်း မရှိသည်ကို တွေ့ရသည်။

https://news-eleven.com/article/235965

------------------------------------------------------------------------------------------------------------

## စစ်ကောင်စီ အသုံးတော်ခံ ကုလ အထူးသံတမန်

By ရောဝတီ | 19 August 2022

ရွေးကောက်ခံအစိုးရကို လွှန်ခဲ့သောနှစ်က အာဏာသိမ်းခြင်းနှင့် အတိုက်အခံများကို ဆက်လက် သွေးချောင်းစီး ဖြိုခွဲခြင်းတို့ကြောင့် နိုင်ငံတကာအသိုက်အဝန်းက တရားဝင် အသိအမှတ်ပြုမခံရသော မြန်မာစစ်ကောင်စီသည် ၎င်းတို့ တရားဝင်ရေးအတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံတမန်ကို အသုံးချလိုက်သည်။

အထူးသံတမန် မစ္စ နိုလင်းဟေဇာသည် အာဏာသိမ်းပြီး ပဋိပက္ခဖြစ်နေသော မြန်မာသို့ ရောက်လာသည်။ သူသည် ပျက်စီးယိုယွင်းနေသော အခြေအနေနှင့် လတ်တလော စိုးရိမ်ရမည့်ကိစ္စများသာမက သူ့ကို တာဝန်ပေးထားသည့် အခြားဦးစားပေးများကိုလည်း ကိုင်တွယ်ဖြေရှင်းရန် အာရုံစိုက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ကြေညာသည်။

*ကုလသမဂ္ဂ အထူးသံတမန်သည် မြန်မာစစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်နှင့် ဗုဒ္ဓဟူးနေ့ နေ့လယ်တွင် တွေ့ဆုံခဲ့သော်လည်း စစ်ကောင်စီက ထောင်တွင်းတွင် သီးခြားဖမ်းဆီးချုပ်နှောင်ထားသည့် ဖြုတ်ချခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရပေ။*

သူသည် မြန်မာစစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်နှင့် ဗုဒ္ဓဟူးနေ့ နေ့လယ်တွင် တွေ့ဆုံခဲ့သော်လည်း စစ်ကောင်စီက ထောင်တွင်းတွင် သီးခြားဖမ်းဆီးချုပ်နှောင်ထားသည့် ဖြုတ်ချခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခွင့်မရပေ။

သို့သော် စစ်ကောင်စီခေါင်းဆောင်နှင့် သူ မတွေ့ဆုံမီ အချိန်အနည်းငယ်အလိုတွင် စစ်ကောင်စီပြောခွင့်ရသူက ထိုတွေ့ဆုံမှုသည် မြန်မာအစိုးရ၏ တရားဝင်တွေ့ဆုံမှုဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

လွန်ခဲ့သောနှစ် ဖေဖော်ဝါရီလက အာဏာသိမ်းပြီးနောက် သန်းပေါင်းများစွာသော မြန်မာပြည်သူများ လမ်းမများပေါ် ထွက်လာပြီး စစ်တပ်အာဏာသိမ်းမှုကို ရှုတ်ချကာ စစ်ကောင်စီကို အစိုးရအဖြစ် အသိအမှတ် မပြုကြပေ။ နိုင်ငံတကာ အသိုက်အဝန်းကလည်း စစ်ကောင်စီကို မြန်မာ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရန် ငြင်းဆန်သည်။ တရုတ်၊ ရုရှား၊ ဂျပန်နှင့် အိန္ဒိယမှအပ အခြားနိုင်ငံများက ဗိုလ်ချုပ်များနှင့် မဆက်ဆံကြပေ။ ၎င်းတို့ကို ကုလသမဂ္ဂကပင် အသိအမှတ်မပြုပေ။ ထို့ပြင် ကုလသမဂ္ဂသည် ဖြုတ်ချခံ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) မှ မြန်မာသံအမတ်ကိုသာ မြန်မာ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် ဆက်လက် အသိအမှတ်ပြုသည်။

နိုင်ငံမှ လူပေါင်း ၂,၀၀၀ ကျော်ကို သတ်ဖြတ်ပြီးဖြစ်သော စစ်ကောင်စီသည် အခြားနိုင်ငံများက ၎င်းတို့ကို နိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုရေးအတွက် ထိုအချိန်မှစတင်ပြီး အပြင်းအထန် ကြိုးစားသည်။ အခြေအနေ ပိုမိုဆိုးရွားသွားစေသည်မှာ စစ်ကောင်စီသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ တိုင်းရင်းသား မဟာမိတ်များဖြင့် ဖွဲ့စည်းထားသည့် အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) က ၎င်းတို့သာ မြန်မာ၏ တရားဝင်အစိုးရဖြစ်ကြောင်း ကြေညာမှုကို ရင်ဆိုင်ရခြင်း ဖြစ်သည်။

ယခုအခါ မစ္စ ဟေဇာသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံတမန်အနေဖြင့် စစ်ကောင်စီက ငမ်းငမ်းတက် လိုချင်နေသော တရားဝင်မှုကို ကူညီဖြည့်ဆည်းပေးလိုက်သည်။

*ကမ္ဘာတဝန်းက ပစ်ပယ်ထားခံရသောအချိန်တွင် ကုလသမဂ္ဂ အထူးသံတမန် မြန်မာသို့ လာရောက်ခြင်းသည် မင်းအောင်လှိုင်အတွက် အဓိပ္ပာယ်များစွာရှိသည်။ သူ့ကို တရားဝင်အစိုးရခေါင်းဆောင်ဟု မသတ်မှတ်လျှင် ကုလသမဂ္ဂသည် သူနှင့် တိုင်းပြည်ပြဿနာများကို တကူးတက လာရောက်ဆွေးနွေးမည် မဟုတ်ဟုသာ သူထင်နေသည်။*

ကမ္ဘာတဝန်းက ပစ်ပယ်ထားခံရသောအချိန်တွင် ကုလသမဂ္ဂ အထူးသံတမန် မြန်မာသို့ လာရောက်ခြင်းသည် မင်းအောင်လှိုင်အတွက် အဓိပ္ပာယ်များစွာရှိသည်။ သူ့ကို တရားဝင်အစိုးရခေါင်းဆောင်ဟု မသတ်မှတ်လျှင် ကုလသမဂ္ဂသည် သူနှင့် တိုင်းပြည်ပြဿနာများကို တကူးတက လာရောက်ဆွေးနွေးမည် မဟုတ်ဟုသာ သူထင်နေသည်။

ထို့ကြောင့်သူသည် အထူးသံတမန်ကို ဖိတ်ခေါ်ပြီး အထူးသံတမန် မြန်မာသို့ ရောက်လာသည်။ ထို့နောက် စစ်ကောင်စီကလည်း ချက်ချင်းပင် ထိုအစည်းအဝေးသည် လက်ရှိ မြန်မာအစိုးရနှင့် တရားဝင် အစည်းအဝေးဖြစ်ကြောင်း ကြေညာသည်။ မစ္စ ဟေဇာသည် မြန်မာမှ ပြည်သူများကို သတ်ဖြတ်နေသော အဖွဲ့အစည်းဖြစ်သည့် စစ်ကောင်စီနှင့် ပြည်သူများ ညှိနှိုင်းဆွေးနွေးရန် ပြောကြားပြီး မြန်မာပြည်သူများကို လွန်ခဲ့သော ဖေဖော်ဝါရီလ ပြောကြား စော်ကားခဲ့သည်။

ပိုလ်ချုပ်များက အတိုက်အခံများနှင့် ဆွေးနွေးရန် ငြင်းဆန်နေသောကြောင့် ကုလသမဂ္ဂနှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (ASEAN) က ဦးဆောင်သည့် မြန်မာအကျပ်အတည်း ဖြေရှင်းရန် သံတမန်ရေး အားထုတ်မှုများ တိုးတက်မှု မရှိသလောက်ဖြစ်နေချိန်တွင် သူ မြန်မာသို့ သွားရောက်ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် သူ၏ နိုင်ငံခြားရေးဝန်ကြီး၊ မြန်မာဆိုင်ရာ ASEAN အထူးသံတမန် ပရက်ဆိုခွန်း တို့ပြီးလျှင် ပောဇာသည် မြန်မာပြဿနာများကို ဖြေရှင်းရန် စစ်ကောင်စီခေါင်းဆောင်နှင့် တွေ့ဆုံသည့် တတိယမြောက် နိုင်ငံတကာဧည့်သည် ဖြစ်သည်။

သူ့ယခင် မြန်မာဆိုင်ရာ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးသံတမန် ခရစ္စတင်း ရှရန်နာ ဘာဂနာက သူ့ကို အားကျကောင်း အားကျနေလောက်သည်။ ထိုရာထူးကို လွန်ခဲ့သောနှစ် စက်တင်ဘာလက စွန့်လွှတ်လိုက်ရချိန်အထိ သူ၏ အမြင့်မားဆုံးအောင်မြင်မှုမှာ စစ်ကောင်စီ ဒုခေါင်းဆောင် စိုးဝင်းနှင့် ဖုန်းပြောခွင့် ရခြင်းသာ ဖြစ်သည်။

***စစ်ကောင်စီသည် အရပ်သားများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက် ကျူးလွန်နေသောကြောင့် မြန်မာပြဿနာကို ဆူပါမင်းပင် ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်း ပရက်ဆိုခွန်းက မကြာသေးမီတွင် ပြောသည်။***

ASEAN ၏ မြန်မာငြိမ်းချမ်းရေး အစီအစဉ် အစိတ်အပိုင်းအဖြစ် ကိုယ့်ပြည်သူကို ပြန်မသတ်ရန် စစ်ကောင်စီ ယုံကြည်လက်ခံလာရေးအတွက် ဟွန်ဆန်နှင့် ပရက်ဆိုခွန်းတို့၏ အားထုတ်မှုများသည် လက်ရှိအချိန်အထိ အရာမရောက်ပေ။ စစ်ကောင်စီသည် အရပ်သားများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ဆက်လက် ကျူးလွန်နေသောကြောင့် မြန်မာပြဿနာကို ဆူပါမင်းပင် ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်း ပရက်ဆိုခွန်းက မကြာသေးမီတွင် ပြောသည်။

ထိုသို့သော အခြေအနေတွင် မစ္စ ပောဇာသည် မြန်မာသို့ရောက်လာပြီး သူသည် မင်းအောင်လှိုင်၏ ဖိတ်ကြားမှုကို နိုင်ငံရေးအလွှာစုံမှ သက်ဆိုင်သူများ၊ လူမှုအခြေပြု အဖွဲ့အစည်းများ၊ ပဋိပက္ခကြောင့် ထိခိုက်ရသော လူမှုအသိုက်အဝန်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတိုင်ပင်ပြီး လက်ခံခဲ့သည်ဟု ပြောသည်။

သို့သော် ထိုခရီးစဉ်ကို စတင်ကြေညာချိန်မှ စတင်ပြီး အချက်ပေးခေါင်းလောင်းသံများ ထွက်ပေါ်လာသည်။

မစ္စ ပောဇာသည် အထူးသံတမန်အဖြစ် သူ့အလုပ် သူလုပ်ရန် ကြိုးစားသည်ကို နားလည်သော်လည်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးသံတမန်သည် စစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် စစ်ကောင်စီကို တရားဝင်ခွင့် ပေးခြင်းအား ရှောင်ရှားရမည်ဟု NUG အစိုးရ ပြောခွင့်ရသူ ဦးကျော်ဇောက ဧရာဝတီသို့ အင်္ဂါနေ့တွင် ပြောသည်။

NUG နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုဝန်ကြီးတို့ကလည်း ဤကိစ္စကို ထိုနေ့တွင်ပင် ဝေဖန်ပြောကြားခဲ့သောကြောင့် NUG က အလေးထားမှုသည် ထင်ရှားလှသည်။ စစ်ကောင်စီသည် မကြာသေးမီကမှ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများကို ထောင်ဒဏ်များ ထပ်မံချပြီး ဇူလိုင်လတွင် တက်ကြွလှုပ်ရှားသူ ၄ ဦးကို ကွပ်မျက်လိုက်သောကြောင့် ယခုအချိန်သည် မစ္စ ပောဇာအနေဖြင့် မြန်မာသို့ သွားရန် အချိန်အခါ မဟုတ်ကြောင်း NUG အရာရှိ ၃ ဦးတို့က ပြောသည်။ AESAN အထူးသံတမန်များ၏ မအောင်မြင်မှုများကို ကုလသမဂ္ဂ အထူးသံတမန်အနေဖြင့် သတိချပ်သင့်ကြောင်း သူတို့ သတိပေးခဲ့ကြသည်။

ဖေဖော်ဝါရီလကပြောသည့် အာဏာခွဲဝေရေး ကိစ္စကြောင့် ပြစ်တင်ရှုတ်ချခံရပြီးနောက် မစ္စ ပောဇာသည် မြန်မာအတွက် လူသားချင်းစာနာမှု အကူအညီများအပါအဝင် အခြားကိစ္စများကို ဆွေးနွေးရန် NUG ၏ ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး

ဒေါက်တာ ဝင်းမြတ်အေးနှင့် တွေ့ဆုံသည့် ပထမဆုံး နိုင်ငံတကာ သံတမန်ဖြစ်သည်။ ထို့နောက်သူသည် NUG နှင့် ဆက်လက်ဆွေးနွေးခြင်း ရှိ၊ မရှိ ရှင်းလင်းစွာ မသိရပေ။

*ဗုဒ္ဓဟူးနေ့ ညပိုင်း ထုတ်ပြန်ကြေညာချက်တွင် မစ္စနိုလင်းဟေဇာ က ကုလသမဂ္ဂ အထူးသံတမန် အနေဖြင့် အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံ ခြင်းသည် စစ်ကောင်စီအပေါ် တရားဝင်မှုပေးခြင်း မဟုတ်ကြောင်း ပြောသည်။*

ဗုဒ္ဓဟူးနေ့ ညပိုင်း ထုတ်ပြန်ကြေညာချက်တွင် မစ္စနိုလင်းဟေဇာ က ကုလသမဂ္ဂ အထူးသံတမန် အနေဖြင့် အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တွေ့ဆုံ ခြင်းသည် စစ်ကောင်စီအပေါ် တရားဝင်မှုပေးခြင်း မဟုတ်ကြောင်း ပြောသည်။

ယခုခရီးစဉ်သည် အကြမ်းဖက်မှုများ လျှော့ချရေး၊ မြန်မာပြည်သူများ၏ဆန္ဒနှင့် လိုလားချက်များအား အခြေခံပြီး အရပ်သား အစိုးရ ပြန်လည်ရရှိရေးအတွက် မြန်မာပြည်သူများကိုယ်တိုင် ဦးဆောင်ကာ ထိရောက်ငြိမ်းချမ်းသည့် နိုင်ငံရေးလမ်း ကြောင်းတခု ပေါ်ထွက်လာရေး ပံ့ပိုးကူညီရန် ဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

ကုလသမဂ္ဂ အထူးသံတမန် အနေဖြင့် စစ်ခေါင်းဆောင်နှင့် တွေ့ဆုံရာတွင် သေဒဏ်ချကွပ်မျက်မှုများအား ရပ်တန့်ထားရေး နှင့် မစ္စတာရှောင်တာနယ် အပါအဝင် အကျဉ်းထောင်နှင့် အခြားနေရာများ၌ ဖမ်းဆီးချုပ်နှောင်ထားသည့် ကလေးငယ်များ အပါအဝင် နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးရေးအတွက် တိုက်တွန်းပြောကြားခဲ့ကြောင်း ကုလသမဂ္ဂ၏ ထုတ် ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် သူ့တောင်းဆိုချက်များကို မင်းအောင်လှိုင်က လျစ်လျူရှုထားမည်မှာ သေချာသလောက်ပင်။

ဗုဒ္ဓဟူးနေ့က အထူးသံတမန်နှင့် မတွေ့ဆုံမီတွင် မင်းအောင်လှိုင်က စစ်ကောင်စီအစည်းအဝေးတွင် “အကြမ်းဖက်သမားများက တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေပါက ၎င်းတို့၏ အကြမ်းဖက်မှု တိုက်ဖျက်ရေး မူဝါဒအတိုင်း ဆောင်ရွက်မည်” ဟု ပြောသည်။ နိုင်ငံတဝန်းတွင် စစ်ကောင်စီကို လက်နက်ကိုင် ခုခံမှုအား မတွန့်မဆုတ် လုပ်နေသည့် NUG နှင့် ပြည်သူ့ကာကွယ်ရေးတပ် (PDF) ကို အကြမ်းဖက်သမားဟု ပြောကြားလိုက်သည်။ စစ်ကောင်စီသည် ၎င်းတို့၏ အကြမ်းဖက်မှု ရပ်ဆိုင်းရန် အစီအစဉ်မရှိကြောင်း သူ့စကားများက ဖော်ပြနေသည်။

အင်္ဂါနေ့ နေပြည်တော်သို့ မစ္စ ဟေဇာ ရောက်လာသောအခါ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ဟောင်း စကော့မာရှယ်က မစ္စ ဟေဇာသည် မဖြစ်နိုင်သည့် အခြေအနေတွင် ကျ ရောက်နေပြီး ဗိုလ်ချုပ်များနှင့် တွေ့ဆုံခြင်းအတွက် အနှစ်သာရကို မတွေ့ရကြောင်း လူမှုကွန်ရက် Twitter တွင် ရေးသားသည်။

“ထိုဗိုလ်ချုပ်များ ကျိုးကြောင်းဆီလျော်လာအောင် ကမ္ဘာက ဖျောင်းဖျပြောဆိုမှု မရပ်ဆိုင်းမီ စစ်ကောင်စီက ရိုင်းစိုင်းစွာ နှုတ်လှန်ထိုးရန် အဆင့်မြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအရာရှိ မည်မျှလိုသနည်း ” ဟုလည်း သူက ရေးသားခဲ့သည်။

https://burma.irrawaddy.com/article/2022/08/19/253972.html

---------------------------------------------------------------------------------------------------------------

# အထူးသံတမန်ကို အဆင့်နိမ့်ဆက်ဆံခြင်းဖြင့် စစ်ကောင်စီက ကုလသမဂ္ဂကို မထေမဲ့မြင်ပြု

By ဧရာဝတီ | 19 August 2022



စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင် နိုင်ငံတကာ ဧည့်သည်တော်များကို လက်ခံတွေ့ဆုံသည့် ပုံများ စုစည်းမှု။ (အပေါ် လက်ဝဲ) စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်နှင့် မစ္စတာ ဘေလ်ရစ်ချတ်ဆန်တို့ သံတမန်ခန်းမတွင် ၂၀၂၁ ခုနှစ်၊ မတ်လက တွေ့ဆုံစဉ်။ (အပေါ် လက်ယာ) စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်က ASEAN အထူးသံတမန် မစ္စတာ ပရက်ဆိုခွန်းကို သံတမန်ခန်းမတွင် ၂၀၂၂ ခုနှစ်၊ မတ်လက လက်ခံတွေ့ဆုံစဉ်။ (အောက်ဘက် လက်ဝဲ) စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်က ASEAN အထူးသံတမန် မစ္စတာ ပရက်ဆိုခွန်းကို သံတမန်ခန်းမတွင် ၂၀၂၂ ခုနှစ်၊ ဇွန်လက တွေ့ဆုံစဉ်။ (အောက်ဘက် လက်ယာ) စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်က ကုလသမဂ္ဂ အထူးသံတမန် မစ္စ နိုလင်းဟေဇာကို စစ်ကောင်စီဥက္ကဋ္ဌရုံးမှ ဧည့်ခန်းတွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လက ၁၇ ရက်နေ့က လက်ခံတွေ့ဆုံစဉ်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာဆိုင်ရာ အထူးသံတမန် မစ္စ နိုလင်းဟေဇာက မြန်မာစစ်ကောင်စီ ခေါင်းဆောင် မင်းအောင်လှိုင်နှင့် ဗုဒ္ဓဟူးနေ့တွင် တွေ့ဆုံသောအခါ ၎င်းတို့ မည်သည်တို့ကို ဆွေးနွေးမည်နှင့် အကြောင်းအရာများကို တကမ္ဘာလုံးက အာရုံစိုက်နေသည်။ အာရုံမစိုက်မိသော ကိစ္စများမှာ အိမ်ရှင်က ဧည့်သည်အပေါ် သဘောထားကို ထင်ဟပ်သည့် ထိုအထူးသံတမန် မည်သည့်နေရာတွင် တည်းရသည်၊ မည်သည့်နေရာတွင် လက်ခံတွေ့ဆုံသည် စသည့် အခြားအသေးစိတ်များ ဖြစ်သည်။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဝမ်းနည်းစရာကောင်းသည်မှာ သူ့ထက်စောစွာ လာရောက်ခဲ့သော နိုင်ငံတကာ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်မတူဘဲ မစ္စ ဟေဇာသည် လွန်ခဲ့သောနှစ် အာဏာသိမ်းမှုနောက်ပိုင်း မြန်မာသို့ ပထမဆုံး ရောက်လာသည့် ကုလသမဂ္ဂ အထူးသံတမန်ဖြစ်သော်လည်း စစ်ကောင်စီထံမှ အဆင့်နိမ့် ဧည့်ခံမှုကိုသာ ရရှိခြင်းဖြစ်သည်။

ထိုသို့တွေ့ဆုံမှုကို စစ်ကောင်စီခေါင်းဆောင်၏ ရုံးတွင် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီတွင် ပြုလုပ်သည်။ စစ်ကောင်စီ၏ ကြေညာချက်အရ ထိုအစည်းအဝေးနေရာသည် စစ်ကောင်စီဥက္ကဋ္ဌရုံးမှ ဧည့်ခန်းသာဖြစ်ပြီး စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်က နိုင်ငံတကာဧည့်သည်များကို လက်ခံတွေ့ဆုံလေ့ရှိသည့် သံတမန်ခန်းမ မဟုတ်ပေ။

ဇွန်လက အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) အထူးသံတမန် မြန်မာသို့ ဒုတိယအကြိမ် ရောက်လာသောအခါ မင်းအောင်လှိုင်သည် မစ္စတာ ပရက်ဆိုခွန်းကို သမ္မတအိမ်တော်အတွင်းရှိ နိုင်ငံအချုပ်အခြာ အာဏာပိုင်မှု သင်္ကေတဖြစ်သည့် ကြီးမားလှပြီး ရွှေချထားသော ပလ္လင်ကြီးတခုရှိသော သံတမန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

လွန်ခဲ့သောနှစ်က ထိုလတွင်ပင် စစ်ကောင်စီခေါင်းဆောင်သည် ASEAN အတွင်းရေးမှူးချုပ် မစ္စတာ လင်မ် ဂျော့ဟွိုင်နှင့် ဘရူနိုင်း နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အာရီဝန် ယူဆွတ်ကိုလည်း သံတမန်ခန်းမတွင်သာ လက်ခံတွေ့ဆုံသည်။

မတ်လက မစ္စတာ ပရက်ဆိုခွန်း မြန်မာသို့လာသောအခါတွင်လည်း မင်းအောင်လှိုင်သည် သူ့ကို သံတမန်ခန်းမတွင်သာ လက်ခံတွေ့ဆုံသည်။



စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်က ကုလသမဂ္ဂ အထူးသံတမန် မစ္စ နိုလင်းဟေဇာကို စစ်ကောင်စီဥက္ကဋ္ဌရုံးမှ ဧည့်ခန်းတွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လက ၁၇ ရက်နေ့က လက်ခံတွေ့ဆုံစဉ် / Cincds

အာဏာသိမ်းချိန်မှစတင်ပြီး မင်းအောင်လှိုင် သိမ်းပိုက်ထားသည့် သမ္မတရုံးမှ သံတမန်ခန်းမသည် ၂၀၁၁ ခုနှစ်ကတည်းက မြန်မာသမ္မတများ နိုင်ငံတကာသံတမန်များကို လက်ခံတွေ့ဆုံသည့် နေရာဖြစ်သည်။

ယခုလအစောပိုင်းတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂေးလက်ဗရော့ဗ် နေပြည်တော်သို့ လာသောအခါ မင်းအောင်လှိုင်က သူ့ကို သံတမန်ခန်းမဆောင်မှ ကြိုဆိုခေါ်ယူသွားသည်။

သံတမန်ဟောင်းဖြစ်သော နယူးမက္ကစီကို ပြည်နယ်အုပ်ချုပ်ရေးမှူးဟောင်း မစ္စတာ ဘေလ်ရစ်ချတ်ဆန် လွန်ခဲ့သောနှစ် နိုဝင်ဘာလက နေပြည်တော်သို့ လာစဉ်ကလည်း ထိုအတိုင်းသာ လက်ခံတွေ့ဆုံသည်။

ထို့ကြောင့် ကုလသမဂ္ဂ အထူးသံတမန်သည် မည်သည့်အတွက် ထိုအဆင့်အတန်းရှိသည့် ဧည့်ခံမှု မရသနည်း။

ကုလသမဂ္ဂနှင့် မြန်မာမှ အာဏာရှင် အဆက်ဆက်ကြားတွင် ပဋိပက္ခဖြစ်ခဲ့ကြသည့် ရှည်လျားသော သမိုင်းကြောင်း ရှိသည်။ ယခု စစ်ကောင်စီခေါင်းဆောင်များသည် ၎င်းတို့၏ အငြိုးအတေးကို မစ္စ ဟေဇာအပေါ် ပုံချလိုက်ခြင်းဖြစ်သည်။



စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်က ASEAN အထူးသံတမန် မစ္စတာ ပရက်ဆိုခွန်းကို သံတမန်ခန်းမတွင် ၂၀၂၂ ခုနှစ်၊ ဇွန်လက တွေ့ဆုံစဉ် / AFP

စင်ကာပူသံတမန်ဟောင်း မစ္စ နိုလင်းဟေဇာသည် လွန်ခဲ့သောနှစ် နိုဝင်ဘာလက မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် ရာထူးကို ယခင်အထူးသံတမန် မစ္စ ခရစ္စတင်း ရှရနာ ဘာဂနာထံမှ ဆက်ခံပြီး ပထမဆုံး မြန်မာခရီးအဖြစ် ရန်ကုန်သို့ အင်္ဂါနေ့တွင် ရောက်သည်။

သို့သော် မင်းအောင်လှိုင်က မစ္စ ဟေဇာကို သူ၏ ရုံးတွင်သာ လက်ခံတွေ့ဆုံသည်။ ထိုနေရာသည် ဂျပန် အောက်လွှတ်တော်မှ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ ကိုယ်စားလှယ် ဟီရိုမီချီ ဝါတာနာဘေကို လက်ခံတွေ့ဆုံသော နေရာဖြစ်သည်။ ဂျပန် အောက်လွှတ်တော်အမတ်သည် ရန်ကုန်မှ ဆန္ဒပြပွဲတခုတွင် ဖမ်းဆီးခံရသော ဂျပန်ရုပ်ရှင်ရိုက်ကူးသူ လွတ်မြောက်ရေးကြိုးစားရန် လာရောက်ခြင်းဟု ခန့်မှန်းကြသည်။

မြန်မာသို့ လာရောက်ခွင့်မရမီက မစ္စ ဟေဇာသည် စစ်ကောင်စီကို ထောက်ခံသည့် အငြင်းပွားဖွယ်ရာ မှတ်ချက်ကြောင့် ဝေဖန်ခံရသူဖြစ်သည်။ စစ်ကောင်စီခေါင်းဆောင်နှင့် သူတွေ့ဆုံဆွေးနွေးပွဲတွင် သူသည် အစိမ်းရောင်စကတ်ကို ဝတ်ဆင်ထားသည်။ ထိုကိစ္စသည် ပြည်သူများအမြင်တွင် မျက်စိဆံပင်မွေးစူးစရာဖြစ်ပြီး သူသည် မင်းအောင်လှိုင် ကျေနပ်စေရန် အစိမ်းဝတ်ဆင်သည်လားဟု ပြည်သူများက သိလိုကြသည်။ အစိမ်းရောင်သည် မြန်မာစစ်တပ်နှင့်ပတ်သက်သော အရောင်ဖြစ်သည်။



စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်က ASEAN အထူးသံတမန် မစ္စတာ ပရက်ဆိုခွန်းကို သံတမန်ခန်းမတွင် ၂၀၂၂ ခုနှစ်၊ မတ်လက တွေ့ဆုံစဉ် / Cincds

သို့သော် မစ္စ ဟေဇာအတွက် ဝမ်းနည်းစရာကောင်းသည်မှာ မင်းအောင်လှိုင်သည် ကုလသမဂ္ဂကို မထေမဲ့မြင်ပြုရန်သာ စိတ်အားထက်သန်နေခြင်း ဖြစ်သည်။ စစ်ကောင်စီ မီဒီယာများက ထိုအစည်းအဝေးကို စာကြောင်းတကြောင်းတည်းဖြင့်သာ ဖော်ပြပြီး 'နှစ်ဘက်ယုံကြည်မှု တည်ဆောက်ရေး' ဆွေးနွေးသည်ဟု ဖော်ပြသောကြောင့် မည်သည့် ထူးခြားသော သဘောတူညီချက်မျှ မရကြောင်း ပြသနေသည်။

တချိန်တည်းတွင် စစ်ကောင်စီက ၎င်းတို့သည် မြန်မာကို အုပ်ချုပ်ရန် တရားဝင်မှုရှိသည့်သဖွယ် ဖြစ်စေရန် မစ္စ ဟေဇာကို အသုံးချသည်။

ထိုအစည်းအဝေး မတိုင်မီလေးတွင် စစ်ကောင်စီပြောခွင့်ရသူက ကုလသမဂ္ဂအထူးသံတမန်သည် အစိုးရနှင့် တွေ့ဆုံရန်ရောက်နေကြောင်း ပြောသဖြင့် ၎င်းတို့သည် မြန်မာမှ တရားဝင်အစိုးရဖြစ်ပြီး ထို့ကြောင့်ပင် အထူးသံတမန်က ၎င်းတို့ကို လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း ပြောသကဲ့သို့ ဖြစ်သည်။ သို့သော် ဗုဒ္ဓဟူးနေ့ နှောင်းပိုင်းတွင် ထုတ်ပြန်သည့် ကြေညာချက်တွင်မူ အထူးသံတမန်က "ကုလသမဂ္ဂက ထိတွေ့ဆက်ဆံခြင်းသည် မည်သည့်နည်းလမ်းဖြင့်မျှ တရားဝင်မှု ပေးခြင်းမဟုတ် " ဟု ဖော်ပြခဲ့သည်။

ထို့အပြင် စစ်ကောင်စီသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မိုးထွန်းကိုလည်း အာဃာတ ထားနေသည်။ ဦးကျော်မိုးထွန်းသည် ဖြုတ်ချခံ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) က ခန့်အပ်ခဲ့သော သံအမတ် ဖြစ်ပြီး သူ၏ ကုလသမဂ္ဂစင်မြင့်ကို စစ်ကောင်စီအား သိက္ခာချရန် အသုံးပြုနေသည်။

ကုလသမဂ္ဂက ဦးကျော်မိုးထွန်းကို ဆက်လက် အသိအမှတ်ပြုပြီး စစ်ကောင်စီ၏ ကိုယ်စားလှယ်ကို လက်မခံသောကြောင့်လည်း စစ်ကောင်စီသည် ဒေါသထွက်နေသည်။ လက်စားချေသည့်အနေဖြင့် စစ်ကောင်စီသည် မြန်မာရှိ ရှုရနာ ဘာဂနာ၏ ရုံးခန်းကိုလည်း ပိတ်ပစ်ခဲ့သည်။



စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်နှင့် မစ္စတာ ဆာဂေးလက်ဗရော့ဗ်တို့ သံတမန်ခန်းမတွင် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်တွင် တွေ့ဆုံစဉ် / Russian MFA

မစ္စ ဟေဇာသည် ဗိုလ်ချုပ်များနှင့် တွေ့ခွင့်ရရန် တနှစ်နီးပါး အချိန်ယူခဲ့ရပြီး တွေ့ရသောအခါတွင်လည်း ချိုးနှိမ်ခံရသည်။

ဦးသန်းရွှေခေါင်းဆောင်သည့် ယခင်စစ်အုပ်စုခေတ်က မြန်မာသို့စေလွှတ်သည့် ကုလသမဂ္ဂ ကိုယ်စားလှယ်များသည် အကြိမ်ကြိမ် ရှုံးနိမ့်သောကြောင့် မြန်မာသည် သံတမန်ရေးသင်္ချိုင်းအဖြစ် လူသိများသည်။ မြန်မာစစ်ဗိုလ်ချုပ်များ၏ အမြင်တွင် ကုလသမဂ္ဂ ကိုယ်စားလှယ်များသည် နိုင်ငံတကာအသိုက်အဝန်းကို လှည့်စားရန် အသုံးပြုသည့် သံတမန်ရေးနယ်ရုပ်များထက် မပိုပေ။

ယခုအခါ မစ္စ ဟေဇာသည် သူ့ယခင် ကုလသမဂ္ဂ အထူးသံတမန်များကဲ့သို့ပင် နေပြည်တော်မှ သံတမန်ရေးသင်္ချိုင်းတွင် နေရာရသွားပြီဖြစ်သည်။

*(ဧရာဝတီ အင်္ဂလိပ်ပိုင်းပါ [Myanmar Junta Signals Contempt for UN With Low-Grade Reception for Envoy](https://www.irrawaddy.com) ကို ဘာသာပြန်ဆိုသည်။)*

https://burma.irrawaddy.com/article/2022/08/19/253980.html

-----------------------------------------------------------------------------------------------------------

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် တွေ့ဆုံ၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်ရေးကိစ္စရပ်များ ဆွေးနွေး

PUBLISHED 19 AUGUST 2022



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီး ဌာန (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ကုလသမဂ္ဂအတွင်းရေး မှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စား လှယ် မစ္စနိုလင်းဟေဇာဦးဆောင်သည့်  ကိုယ် စားလှယ်အဖွဲ့သည် ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ဧည့်ခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင်  မြန်မာ နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင် အထည်ဖော်ဆောင်ရွက်မှုများနှင့် လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီ များပေးအပ်နိုင်ရေးကိစ္စရပ်များအပေါ် နှစ် ဖက်အပြန်အလှန်အမြင်ချင်းဖလှယ်၍ ဆွေး နွေးခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန် မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနို လင်းဟေဇာသည် ဩဂုတ် ၁၈ ရက် မွန်းလွဲ ပိုင်းတွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွား ကြောင်း သိရသည်။

မြန်မာနိုင်ငံခရီးစဉ်အတွင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်း အောင်လှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နှင့်လည်း နေပြည်တော်တွင် သီးခြားစီတွေ့ဆုံခဲ့မှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

နစကဥက္ကဋ္ဌနှင့် ကုလသမဂ္ဂအတွင်းရေး မှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ် စားလှယ်တို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအကြား ယုံကြည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအခြေအနေ များ ဆွေးနွေးခဲ့ကြောင်း နစကဘက်မှ သ တင်းထုတ်ပြန်သည်။

မစ္စနိုလင်းဟေဇာသည် နစကဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် အကြမ်းဖက်မှုများ ချက်ချင်းရပ် ရန်၊ နိုင်ငံရေးအကျဉ်းသားအားလုံး ပြန်လွှတ် ပေးရန် တောင်းဆိုခဲ့သည်ဟု နိုလင်းဟေဇာ ၏ရုံးက ထုတ် ပြန်ခဲ့သည်။

ထို့ပြင် ထိန်းသိမ်းခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်ကို တွေ့ဆုံခွင့်ရရန် ဟေ ဇာက ပြောကြားခဲ့သည်ဟု ဟေဇာရုံး၏ ထုတ် ပြန်ချက်၌ ဆက်လက်ဖော်ပြထားသည်။

နောင်တွင် သေဒဏ်စီရင်မည့်သူ အား လုံးကို တရားဝင်ဆိုင်းငံ့ပေးရန် မိမိက နစက အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကို တိုက်ရိုက်တိုက်တွန်းပြောကြားခဲ့သည် ဟု နိုလင်းဟေဇာ၏ရုံးက ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျစီးပွားရေးပညာရှင် ရှောင် တာနယ်ကို လွှတ်ပေးရန် နစကထံ ဩစတြေး လျအစိုးရ၏မေတ္တာရပ်ခံမှုကို ၎င်းင်းက ပြော ကြားခဲ့သည်ဟု ၎င်းင်း၏ရုံးက ထုတ်ပြန်ခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စနိုလင်းဟေဇာနှင့် တွေ့ဆုံစဉ် ပြည်ထောင် စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ကုလသမဂ္ဂ အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင် ရွက်ရေးကို လက်တွေ့ကျကျ အပြုသဘော သုံးသပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြော ကြားခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုး တက်မှုများကိုလည်း ရှင်းလင်းပြောကြားခဲ့ ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန် သည်။

https://news-eleven.com/article/235963

-------------------------------------------------------------------------------------------------------------

## ကုလကိုယ်စားလှယ်နှင့် ဒေါ်အောင်ဆန်းစုကြည်ကို သင့်တော်သည့်အချိန်တွင် တွေ့ခွင့်ပေးရန် လမ်းဖွင့်ထားဟု စစ်ကောင်စီခေါင်းဆောင် ပြော

By The Washington Post | 19 August 2022



ကုလသမဂ္ဂ အထူးကိုယ်စားလှယ် နိုလင်း ဟေဇာနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ သင့်တော်သည့် အချိန်တွင် တွေ့ဆုံနိုင်ရေး စီစဉ်ပေးရန် လမ်းဖွင့်ပေးထားကြောင်း စစ်ကောင်စီ ခေါင်းဆောင်က ပြောကြားခဲ့သည်ဟု ကုလသမဂ္ဂက ဩဂုတ် ၁၈ ရက်တွင် ပြောသည်။

စစ်ကောင်စီ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဩဂုတ် ၁၇ ရက်က နေပြည်တော်တွင် ကုလအထူးကိုယ်စားလှယ် နိုလင်း ဟေဇာနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောခဲ့ခြင်း ဖြစ်ကြောင်း ကုလ ဒုတိယပြောရေးဆိုခွင့်ရှိသူ ဖာဟန် ဟက်ခ်က ပြောသည်။ လက်ရှိအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးကို စောင့်ရှောက်ရန်နှင့် သူမ ကောင်းမွန်စွာ နေထိုင်နိုင်စေရန် အစီအမံများ လုပ်ဆောင်ပေးသွားမည်ဖြစ်သည်ဟု စစ်ကောင်စီခေါင်းဆောင်က ပြောခဲ့သည်ဟု ဖာဟန် ဟက်ခ်က ပြောသည်။

မြန်မာနိုင်ငံတွင် ယမန်နှစ် ဖေဖော်ဝါရီလက စစ်တပ်က ဒေါ်အောင်ဆန်းစုကြည်၏ ရွေးကောက်ခံ အစိုးရကို ဖြုတ်ချပြီး အာဏာသိမ်းပြီးနောက် ပြင်းထန်ကြမ်းတမ်းသော မငြိမ်မသက်မှုတို့ ဖြစ်ပေါ်ထားခဲ့သည်။

စစ်တပ်က အာဏာသိမ်းလိုက်ခြင်းဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပါတီ၏ ဒုတိယမြောက် အစိုးရသက်တမ်းတစ်ခု စတင်မှုအပေါ် တားဆီးခဲ့ပြီး ထို့နောက် ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အမှု တသီတတန်းဖြင့် စွဲဆိုထားခဲ့ကာ ယင်းအမှုများသည် အာဏာသိမ်းစစ်ကောင်စီဘက်က နိုင်ငံရေး အရင်းခံပြီး စွပ်စွဲသော အမှုများအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ခံထားရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် လက်ရှိတွင် နေပြည်တော် သီးသန့်အကျဉ်းထောင်တစ်ခုတွင် ထိန်းသိမ်းခံထားရပြီး စစ်ကောင်စီက သူမကို အပြင်လူများနှင့် တွေ့ဆုံခွင့်ပေးရန် ငြင်းဆန်ထားသည်။

ကုလအထူးကိုယ်စားလှယ် နိုလင်း ဟေဇာ၏ ပထမဆုံး မြန်မာနိုင်ငံခရီးစဉ်တွင် နိုင်ငံတွင် အကြမ်းဖက်မှုအားလုံး အမြန်ဆုံး ရပ်ဆိုင်းရန်၊ အရပ်သားအုပ်ချုပ်မှုနှင့် ဒီမိုကရေစီ လမ်းကြောင်းဆီ

ပြန်သွားမည့် နိုင်ငံရေးလမ်းကြောင်းတစ်ခုကို ထောက်ခံရန်၊ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်သို့ ပြန်ပို့ရန်နှင့် သူမနှင့် တွေ့ဆုံခွင့်ပေးရန် ဟေဇာက စစ်ကောင်စီခေါင်းဆောင် မင်းအောင်လှိုင်ကို တောင်းဆိုခဲ့သည်။

ထို့ပြင် လက်ရှိ မြန်မာနိုင်ငံ၏ လူသားချင်းစာနာမှု၊ လုံခြုံရေး၊ စီးပွားရေးနှင့် နိုင်ငံရေး အကျပ်အတည်းနှင့် စပ်လျဉ်းပြီး ကုလ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က အထူးတလည် စိုးရိမ်ပူပန်နေကြောင်းနှင့် နိုင်ငံရေး အကျဉ်းသား အားလုံးပြန်လွှတ်ပေးရန် တောင်းဆိုကြောင်းကို နိုလင်း ဟေဇာက ထပ်လောင်း ပြောဆိုခဲ့သည်။ ထို့ပြင် မကြာသေးခင်က နိုင်ငံရေး တက်ကြွလှုပ်ရှားသူ လေးဦးကို စစ်ကောင်စီက ကွပ်မျက်ခဲ့မှုအတွက် ကမ္ဘာတစ်ဝန်း ဝိုင်းဝန်းပြစ်တင်ရှုတ်ချသံများ ထွက်ပေါ်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် နောက်ထပ် သေဒဏ်စီရင်မှုများ ထပ်မလုပ်ဘဲ တရားဝင် ရပ်ဆိုင်းရေး နိုလင်း ဟေဇာက စစ်ကောင်စီခေါင်းဆောင်ကို တိုက်တွန်းခဲ့သည်။

ဟေဇာ၏ ခရီးစဉ်တွင် မည်သည်ကို ဖြစ်မြောက်အောင်မြင်ခဲ့သလဲ ဆိုသည့် မေးခွန်းကို ဖြေကြားရာတွင် ဟက်ခ်က "အဓိကကျတဲ့ ရလဒ်တစ်ခုကတော့ အရေးတကြီးလိုအပ်နေတဲ့ လူသားချင်းစာနာမှု အကူအညီနဲ့ အရပ်သားတွေကို အကာအကွယ်ပေးရေးအတွက် သူမရဲ့ တောင်းဆိုချက်တွေကို ပွင့်ပွင့်လင်းလင်း ဆက်လက် ဆွေးနွေးမယ်ဆိုပြီး စစ်ကောင်စီဘက်က ကတိပေးခဲ့တာပဲဖြစ်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ထို့ပြင် ထိန်းသိမ်းခံထားရသည့် ကလေးအားလုံးကို ပြန်လွှတ်ပေးရေး ဟေဇာက ပန်ကြားခဲ့ရာတွင် အကျဉ်းထောင်များနှင့် အခြားအကျဉ်းစခန်းနေရာများတွင် အသက် ၁၂ နှစ်အောက် ကလေးများကို ဖမ်းဆီးထိန်းသိမ်းထားမည်မဟုတ်ဟု စစ်ကောင်စီခေါင်းဆောင်က အာမခံပြောကြားခဲ့သည်ဟု ဟက်ခ်က ပြောသည်။ ထို့ပြင် အသက် ၁၆ နှစ်နှင့် ၁၇ နှစ်အရွယ် ကလေးများအတွက် ပြစ်ဒဏ် လျှော့ပေါ့စီရင်ရေး စဉ်းစားသွားမည်ဟု စစ်ကောင်စီခေါင်းဆောင်က ကုလကိုယ်စားလှယ်ကို ကတိပြုခဲ့သည်ဟု ဟက်ခ်က ပြောသည်။

နှစ်ရက်တာခရီးစဉ်အတွင်း ကုလကိုယ်စားလှယ် နိုလင်း ဟေဇာ ထုတ်ဖော်ခဲ့သည့် အခြားကိစ္စရပ်များနှင့်ပတ်သက်ပြီး ဟက်ခ်က ပြောဆိုခဲ့ခြင်း မရှိခဲ့ပေ။ ယင်းအတွက်ကြောင့် နိုင်ငံတွင် လေကြောင်းမှ တိုက်ခိုက်မှုနှင့် လူနေအိမ်များနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများကို မီးရှို့ခြင်းများ ရပ်ဆိုင်းရေး အပါအဝင် အကြမ်းဖက်အားလုံး ချက်ချင်းရပ်ဆိုင်းရန်နှင့် အရပ်သားအုပ်ချုပ်မှု ပြန်သွားရေး၊ နိုင်ငံရေး အကျဉ်းသားအားလုံး ပြန်လွှတ်ရေးနှင့် ကွပ်မျက်မှုများ အဆုံးသတ်ရေးအတွက် လုပ်ဆောင်ချက်များ စတင်ရန် ဟေဇာ၏ တောင်းဆိုမှုများအပိုင်းတွင် တိုးတက်မှုအနည်းငယ်သာရရှိ သို့မဟုတ် တိုးတက်မှု မရှိခဲ့ဆိုသည်ကို ညွှန်ပြနေသည်။

(ကိုလူအေး ဘာသာပြန်သည်)

https://www.mizzimaburmese.com/article/113692

---

## ဒေါ်စုကို ကုလကိုယ်စားလှယ်နဲ့ စစ်ကောင်စီ အနာဂတ်မှာ တွေ့ခွင့်ပေးမလား

၁၉ ဩဂုတ်၊ ၂၀၂၂ | ဗွီအိုအေ (မြန်မာဌာန)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Noeleen Heyzer ကို နောက်ပိုင်း သင့်တော် တဲ့အချိန်တခုမှာ ဖမ်းဆီးအကျဉ်းချခံထားရတဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံခွင့်ပေးမယ်လို့ စစ်ကောင်စီအကြီးအကဲက ပြောကြားခဲ့တယ်လို့ ကုလသမဂ္ဂက ပြောတဲ့အကြောင်း အေပီသတင်းမှာ ရေးပါတယ်။ အထူးကိုယ်စားလှယ် Noeleen Heyzer နဲ့

ဗုဒ္ဓဟူးနေ့က နေပြည်တော်မှာတွေ့ဆုံစဉ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဲဒီလို ပြောကြားခဲ့တာလို့ အတွင်းရေးမှူးချုပ်ရဲ့ လက်ထောက် ပြောခွင့်ရ Farhan Haq က မနေ့ ကြာသပတေးနေ့က ပြောတာကို ကိုးကားပြီး အေပီသတင်းမှာ ရေးပါတယ်။

လတ်တလောအချိန်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကျန်းမာရေးနဲ့ နေမှုထိုင်မှုကိစ္စတွေကို ကြည့်ရှုစောင့်ကြပ်သွားမယ်လို့ စစ်ကောင်စီဘက်က ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

အထူးကိုယ်စားလှယ် Noeleen Heyzer ဟာ ဩဂုတ်လ ၁၇ ရက်ကနေ ၁၈ ရက်နေ့အထိ မြန်မာနိုင်ငံကို ၂ ရက် ကြာသွားရောက်ခဲ့ပေမယ့် အကျဉ်းကျနေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ခွင့်မရခဲ့သလို စစ်ကောင်စီ တာဝန်ရှိသူတွေကလွဲလို့ ပြည်တွင်းမှာရှိတဲ့ နိုင်ငံရေးပါတီတွေ အပါအဝင် တခြား အင်အားစုတွေနဲ့ တွေ့ဆုံခွင့် မရခဲ့ပါဘူး။

ခရီးစဉ် ပထမနေ့ဖြစ်တဲ့ ဗုဒ္ဓဟူးနေ့က စစ်ကောင်စီအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နဲ့ တွေ့ဆုံခဲ့ပြီး မနေ့က မြန်မာနိုင်ငံက ပြန်မထွက်ခွာခင်မှာတော့ စစ်ကောင်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်နဲ့ တွေ့ဆုံခဲ့ပါတယ်။

အဲဒီ တွေ့ဆုံမှုအတွင်း ပဋိပက္ခဖြစ်နေတဲ့ နေရာတွေမှာ စာနာမှုဆိုင်ရာ အကူအညီတွေပေးပို့ရေးနဲ့ အဲဒီ လုပ်ငန်းစဉ်အတွက် အထူးကိုယ်စားလှယ်နဲ့ နှစ်ဘက် အနီးကပ် ပူးပေါင်း ဆောင်ရွက်ရေးတို့အတွက် ဆွေးနွေးဖြစ်ခဲ့တယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ လက်ထောက် ပြောခွင့်ရ Farhan Haq က ပြောပါတယ်။

စစ်ကောင်စီအကြီးအကဲနဲ့ တွေ့ဆုံချိန်မှာတော့ ကုလသမဂ္ဂက ရှုတ်ချခဲ့တဲ့ မကြာသေးခင်တုန်းက ဒီမိုကရေစီရေး လှုပ်ရှားသူတွေကို ကွပ်မျက်မှုမျိုး နောက်ထပ်မလုပ်ဖို့၊ ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရေးကို စိုးရိမ်တာမို့ တွေ့ဆုံခွင့်ပေးဖို့၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စီးပွားရေးအကြံပေး Sean Turnell ကို ပြန်လွှတ်ပေးဖို့ နဲ့ဖမ်းဆီးထားတဲ့ အရွယ်မရောက်သေးသူတွေ အားလုံးကို ပြန်လွှတ်ပေးဖို့ တောင်းဆိုခဲ့တယ်လို့ ကုလသမဂ္ဂက သတင်းထုတ်ပြန်ခဲ့ပါတယ်။

၂၀၂၀ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ NLD ပါတီကို ဒုတိယသက်တမ်း အုပ်ချုပ်ခွင့်မပေးဘဲ မနှစ် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာ စစ်တပ်က အာဏာသိမ်းလိုက်ပြီးတဲ့နောက် မြန်မာနိုင်ငံတဝန်း အကြမ်းဖက်သတ်ဖြတ်မှုတွေ နေ့စဉ်ဆိုသလို ဖြစ်ပေါ်နေခဲ့တာပါ။

https://burmese.voanews.com/a/noeleen-heyzer-စစ္ေကာင္စီ-ေဒၚေအာင္ဆန္းစုၾကည္-/6708226.html

----------------------------------------------------------------------------------------------------------

## မြန်မာတဦးနှင့်ဆက်စပ်သည့်မူးယစ်ဂိုဏ်းကို ထိုင်းရဲစီးနင်းပြီး ဘတ်သန်းပေါင်း ၄၀၀ နီးပါး သိမ်းဆည်း

Published By DVB | 19 August, 2022

ထိုင်းနိုင်ငံ၊ ဘန်ကောက်မှာ မြန်မာနိုင်ငံသား တယောက်နဲ့ ဆက်စပ်နေတဲ့ နိုင်ငံတကာ မူးယစ်ဆေးဝါးဂိုဏ်းရဲ့ ပိုင်ဆိုင်မှု ဘတ်သန်းပေါင်း ၄၀၀ နီးပါးကို သွားရောက်စီးနင်း သိမ်းဆည်းလိုက်တယ်လို့ ထိုင်းမူးယစ်ရဲတပ်ဖွဲ့က ဩဂုတ် ၁၉ ရက်မှာ သတင်းစာရှင်းလင်း ပြောပါတယ်။




ဒီကနေ့စီးနင်းမှုဟာ လွန်ခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလအတွင်း ထိုင်းမြောက်ပိုင်း ချင်းရိုင်းခရိုင်နဲ့ တာ့ခ်ခရိုင်ဘက်ကနေ ဝင်လာတဲ့ မူးယစ်မှု ၈ မှုနဲ့ ဆက်စပ်နေကြောင်း၊ အဆိုပါ ၈ မှုကနေ စိတ်ကြွဆေးအလုံးရေ ၂၂ သန်း၊ အိုက်စ်ဆေး အလေးချိန် ကီလိုဂရမ် ၄၀၀ မှ ၅၀၀ ထိ ဖမ်းဆီးရမိကာ အဓိကတရားခံမှာ မင်းမင်းဦးဆိုသူ မြန်မာနိုင်ငံသားဖြစ်တယ်လို့ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲချုပ် ဆမ်ရန်း နွန်းမားက ပြောပါတယ်။

မင်းမင်းဦးနဲ့ ဆက်စပ်နေတဲ့ မူးယစ်ဂိုဏ်းထဲမှာ ထိုင်း၊ လာအိုနဲ့ တရုတ်နိုင်ငံသားတွေ ပါဝင်ပြီး အဓိကညွှန်ကြားသူမှာ လာအိုနိုင်ငံထဲမှာရှိကြောင်း၊ ဒီကနေ့ သွားရောက်စီးနင်းခဲ့တဲ့ ဘန်ကောက်က အဆင့်မြင့်တိုက်အိမ်ပိုင်ရှင်ကတော့ တရုတ်လူမျိုးဖြစ်ပြီး သူလည်း လောလောဆယ် ထိုင်းမှာမရှိဘဲ တရုတ်ပြည်ရောက်နေတယ်လို့ ဆိုပါတယ်။

မူးယစ်ရဲတပ်ဖွဲ့၊ နယ်မြေခံရဲနဲ့ အုပ်ချုပ်ရေးပိုင်းက တာဝန်ရှိသူတွေဟာ တရားရုံးက ဝရမ်းစာနဲ့အတူ ဘန်ကောက်၊ ပရဝေ့ချ်နယ်မြေ၊ နောင်ဘွန်းရပ်ကွက်၊ ဆရီနတ်ခလင်းအဆင့်မြင့်အိမ်ရာရှိ တန်ဖိုးကြီး တိုက်အိမ် ၃ လုံးနဲ့ တခြားရပ်ကွက်ရှိ ကွန်ဒိုမီနီယံတိုက်ခန်းတွေ အပါအဝင် စုစုပေါင်း နေရာ ၁၃ ခုကို သွားရောက်စစ်ဆေး သိမ်းဆည်းခဲ့ပါတယ်။

တန်ဖိုးကြီးတိုက်အိမ် ၃ လုံးအနက် ၂ လုံးကို အိမ်ငှားထားကြောင်း၊ အိမ်ငှားနေသူတွေမှာလည်း နောက်ထပ် ကွန်ဒိုမီနီယံ ၉ ခု ပိုင်ဆိုင်ထားတာ စစ်ဆေးတွေ့ရှိသလို မီးခံသေတ္တာထဲကငွေနဲ့ ဘဏ်ငွေစုစာအုပ် ၁၂ အုပ်ထဲက ငွေပေါင်း ဘတ်ငွေ ၇၂ သန်း တွေ့ရှိတဲ့အတွက် လိုအပ်သလို ဆက်လက်စုံစမ်းဖို့ သက်ဆိုင်ရာက သိမ်းဆည်းထားတယ်လို့ ဆိုပါတယ်။

နောက်ထပ် တိုက်အိမ်တလုံးကတော့ နေထိုင်သူ မရှိပါဘူး။ အဆိုပါ တိုက်အိမ် ၃ လုံးမှာ ၁ လုံးကို ကာလတန်ဖိုး ဘတ်သန်းပေါင်း ၅၀ မှ ၇၀ ကြားရှိတာကြောင့် နေအိမ် ၃ လုံးတန်ဖိုး ဘတ်သန်းပေါင်း ၁၈၀ လောက်ရှိမယ်လို့ ဆိုပါတယ်။

မူးယစ်နှိမ်နင်းရေးရဲတပ်ဖွဲ့အနေနဲ့ ဒီကနေ့ နေရာပေါင်း ၁၃ ခုကနေ ပိုင်ဆိုင်မှုပမာဏ ဘတ်သန်းပေါင်း ၃၈၅ သန်းကို သိမ်းဆည်းထားပြီး အဆိုပါမူးယစ်ဂိုဏ်းရဲ့ ငွေလည်ပတ်မှု ပိုင်ဆိုင်မှုအားလုံး ဘတ်သန်း ၁,၀၀၀ ကျော်မယ်လို့ ခန့်မှန်းကြောင်း၊ ဒါကြောင့် ကွင်းဆက်တွေကို ဆက်လက်စုံစမ်း ဖော်ထုတ်သွားမယ်လို့ ထိုင်းမူးယစ်ရဲတပ်ဖွဲ့က ပြောပါတယ်။

ကိုးကား- DailyNews/ThaiPBS/Matichon

https://burmese.dvb.no/archives/549801

---